| | |
|---|---|
| မူဝါဒခေါင်းစဉ်။ ။ ဆေးဝါးကုသမှုအတွက်ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ | မူဝါဒအမှတ်။ ။ NATL.CB.307 |
| ပင်ရင်းဌာန။ ။ National Community Benefit | စတင်အသက်ဝင်သည့်နေ့။ ။ ဇန်နဝါရီလ ၁ ရက် ၂၀၂၀ ခုနှစ် |
| အုပ်ချုပ်စီမံသူ။ ။ ဒါရိုက်တာ၊ဆေးဝါးကုသမှုအတွက်ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ | စာမျက်နှာ။ ။ 1 of 28 |

## 1.0 ပေါ်လစီအကြောင်းအရာ

Kaiser Foundation Health Plans (KFHP) နှင့် Kaiser Foundation Hospitals (KFH) တို့သည် ရပ်ပိုင်း၊ စိတ်ပိုင်းတွင် ထိခိုက်လွယ်သောလူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လွလွယ်ကူချောမွေ့စေမည့်အစီအစဉ်များ ပံ့ပိုးပေးရန် စိတ်ရည်သန်ပါသည်။ ထိုထောက်ပံ့မှုတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဝင်ငွေနည်းပါးပြီး အာမခံမထားသောလူနာများနှင့် အာမခံမလုံလောက်သော လူနာများအတွက် အရေးပေါ်နှင့် ဆေးဝါးကုသမှုလိုအပ်ချက်အရ ကုသစောစာင့်ရှောက်မှုကို ရယူရာတွင် ဝန်ဆောင်မှုများအတွက်ပေးချေရမည့် အခကြေးငွေက အဟအဟန့်အတားဖြစ်နေသောအခါတွင် ဘဏ္ဍာရေး ဆိုင်ရာ အထောက်အပံ့ပေးခြင်းများပါဝင်မည်ဖြစ်သည်။

## 2.0 ရည်ရွယ်ချက်

ဤပေါ်လစီသည် ဆေးဝါးကုသမှုအတွက် ငွေကြေးထောက်ပံ့ရေးအစီအစဉ် (Medical Financial Assistance, MFA) အစီအစဉ်မှတစ်ဆင့် အရေးပေါ်အခြေအနေအရလည်းကောင်း၊ ဆေးဝါးကုသမှုပိုင်းဆိုင်ရာအရလည်းကောင်း လိုအပ်သော ဝန်ဆောင်မှုများအတွက် ငွေကြေးဆိုင်ရာထောက်ပံ့မှုများကို လက်ခံရယူခြင်းနှင့် အရည်အချင်းပြည့်မီရန် အတွက် လိုအပ်ချက်များကို သတ်မှတ်ဖော်ပြထားပါသည်။ ထိုသတ်မှတ်ချက်များသည် အမေရိကန်ပြည်ထောင်စုပြည်တွင်းအခွန်သတ်မှတ်ချက် အပိုင်း ၅၀၁ (r) နှင့်လည်းကောင်း၊ အကျုံးဝင်သော ဝန်ဆောင်မှုများ၊ ရယူသုံးစွဲခွင့်မည်သို့ရနိုင်ကြောင်း၊ အစီအစဉ်အကျုံးဝင်မှုဆိုင်ရာစံသတ်မှတ်ချက်များ၊ MFA ဆုပုံစံ၊ ပံ့ပိုးမည့်ဆုပမာဏကိုတွက်ချက်သည့် အခြေခံအချက်များနှင့် ဆေးဝါးကုသမှုဆိုင်ရာ ကျသင့်ငွေတောင်းခံလွှာများကို ပေးချေမှုမပြုသည့် ကိစ္စရပ်မျိုးပေါ်ပေါက်ပါက ခွင့်ပြုထားသည့် အရေးယူဆောင်ရွက်မှုများကိုဖော်ပြထားသည့် နိုင်ငံတော်အဆင့် သက်ဆိုင်ရာ စည်းမျဉ်းများနှင့်လည်းကောင်း ကိုက်ညီမှုရှိပါသည်။

## 3.0 အကျုံးဝင်မှု

ဤပေါ်လစီသည် အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ (အား လုံးကိုခြုံပြီး "KFHP/H" ဟု ညွှန်းဆိုသည်) တို့တွင်အလုပ်ခန့်ထားသည့် ဝန်ထမ်းများနှင့်အကျုံးဝင်ပါသည်။

- **3.1** Kaiser Foundation Health Plan, Inc.,
- **3.2** Kaiser Foundation Hospitals နှင့်
- **3.3** KFHP/H တို့၏ လက်အောက်ခံအဖွဲ့အစည်းများ

*Proprietary Information. Kaiser Permanente. All rights reserved.*

**3.4** ဤပေါ်လစီသည် ပူးတွဲဖော်ပြထားသည့် စာရင်းတွင်ပါဝင်သော ကိုင်စာဖောင်ဒေးရှင်းဆေးရုံများနှင့် သက်ဆိုင်ပါသည်။ ဖြည့်စွက်ချက်၊ *အပိုင်း ၁၊ Kaiser Foundation Hospitals နှင့်* အကိုးအကားအားဖြင့် ဤတွင် ထည့်သွင်း ဖော်ပြထားသည်များ။

## 4.0 အဓိပ္ပါယ်ဖွင့်ဆိုချက်များ

နောက်ဆက်တွဲ (အေ) - ဝေါဟာရအဓိပ္ပါယ်များ

## 5.0 ပြဋ္ဌာန်းချက်များ

KFHP/H သည် လူနာ၏ အသက်အရွယ်၊ မသန်စွမ်းမှု၊ ကျား/မ ဖော်ပြချက်၊ လူမျိုး၊ ဘာသာကိုးကွယ် ယုံကြည်မှု၊ လူမှုရေးအသိုင်းအဝိုင်း သို့မဟုတ် ရွှေ့ပြောင်းနေထိုင်ရေး၊ ကျား/မ စိတ်အားသန်မှု၊ မူရင်းနိုင်ငံနှင့် ထိုလူနာသည် ကျန်းမာရေးဆိုင်ရာ အကျိုးခံစားခွင့်ရှိသည်၊ မရှိသည် စသည်တို့ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အကျုံးဝင်သောလူနာများအတွက် အရေးပေါ်နှင့် ဆေးဝါးကုသမှုဆိုင်ရာ လိုအပ်သောစောင့်ရှောက်မှုကိုရရှိရန် ကာဆီးထားသော ငွေကြေးဆိုင်ရာ အတားအဆီးများကို လျှော့ချရန်အတွက် ဝင်ငွေရရှိမှုစစ်ဆေးတိုင်းတာသော MFA အစီအစဉ်တစ်ရပ်ကို ထိန်းသိမ်းထားပါသည်။

**5.1 MFA ပေါ်လစီအောက်တွင် အကျုံးဝင်သောဝန်ဆောင်မှုများနှင့် အကျုံးမဝင်သောဝန်ဆောင်မှုများ**
ဖြည့်စွက်ချက်၊ အပိုင်း ၂၊ *MFA ပေါ်လစီအောက်တွင် အကျုံးဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများနှင့် အကျုံးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ*တွင် ဖော်ပြထားသည်များဖြစ်သည်။

**5.1.1 အကျုံးဝင်သောဝန်ဆောင်မှုများ။** ။ MFA သည် အရေးပေါ်လိုအပ်ချက်နှင့် ဆေးဝါးကုသမှုဆိုင်ရာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ၊ ဆေးဝါးဆိုင်ရာဝန်ဆောင်မှုများနှင့်ထုတ်ကုန်များ၊ KP အသုံးအဆောင်များတွင် ထောက်ပံ့ထားသော ဆေးဘက်ဆိုင်ရာအထောက်အပံ့များ (ဥပမာ-ဆေးရုံများ၊ ဆေးပေးစင်တာများ၊ ဆေးဝါးဆိုင်ရာရုံးအဆောက်အဦများ)၊ KFHP/H ပြင်ပလူနာ ဆေးပေးခန်းများတွင်လည်းကောင်း၊ Kaiser Permanente (KP) ပံ့ပိုးသူများက ထောက်ပံ့ပေးသော ဆေးဝါးဆိုင်ရာပစ္စည်းများ အကျုံးဝင်ပါသည်။ MFA သည် အောက်တွင် ဖော်ပြထားသော ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များလည်း အကျုံးဝင်ပါသည်။

**5.1.1.1 ဆေးဝါးကုသမှုပိုင်းဆိုင်ရာ လိုအပ်သောဝန်ဆောင်မှုများ။** ။ ဆေးဝါးကုသမှုဆိုင်ရာ အခြေအနေတစ်ရပ်ရှိ ကြိုတင်ကာကွယ်ခြင်း၊ စစစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်း သို့မဟုတ် ကုသခြင်းတို့အတွက် လိုအပ်သော KP ထောက်ပံ့သူတစ်ဦးက အမှာစာပေးထားသော

*Proprietary Information. Kaiser Permanente. All rights reserved.*

သို့မဟုတ် ထောက်ပံ့ပေး သည့် အပြင်လူနာ သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာ စောင့်ရှောက်မှုပေးသူ အတွက် သက်တောင့်သက်သာရှိရန်သာ ရည်ရွယ်သည်မဟုတ်ပဲ ပြုစု စောစောင့်ရှောက်မှု၊ ကုသမှု သို့မဟုတ် ဝန်ဆောင်မှုများနှင့်လည်း အကျုံးဝင်ပါသည်။

**5.1.1.2** **ဆေးညွှန်းများနှင့်ဆေးဝါးထောက်ပံ့မှုများ။** ။ KFHP/H ပြင်ပလူနာ ဆေးပေးခန်းတစ်ခုမှ ပေးလိုက်ပြီး KP ထောက်ပံ့သူများ၊ KP မဟုတ်သည့် အရေး ပေါ်ဌာနထောက်ပံ့သူများ၊ KP မဟုတ်သည့် အရေးပေါ် ပြုစုစောင့်ရှောက်မှု ထောက်ပံ့သူများနှင့် KP ကန်ထရိုက်ပေးထားသည့် ထောက်ပံ့သူများက ရေးသားပေးသည့် ဆေးညွှန်းများ။

**5.1.1.2.1** **အထွေထွေဆေးဝါးများ။** ။ တတ်နိုင်သမျှ အထွေထွေ ဆေးဝါးများကိုသာ အသုံးပြုမည်ဖြစ်သည်။

**5.1.1.2.2** **အမှတ်တံဆိပ်ပါသောဆေးဝါးများ။** ။ ဆေးညွှန်းအတိုင်း ဆေးပေးလိုက်သည္ (“Dispense as Written”, DAW) ဟူ၍ဖြစ်စေ၊ အလားတူ အထွေထွေဆေးဝါးမရနိုင်ပါဟူ၍ဖြစ်စေ၊ မှတ်ချက်ရေးပေး လိုက်သည့် KP ထောက်ပံ့သူတစ်ဦးက ဆေးညွှန်းပေး လိုက်သည့် အမှတ်တံဆိပ်ဖြင့်ဆေးဝါးများ

**5.1.1.2.3** **ဆိုင်ပေါ်တင်ရောင်းသောဆေးဝါးများ သို့မဟုတ် ဆေးဝါး ထုတ်လုပ်ရေးပစ္စည်းများ။** ။ KP ထောက်ပံ့သူတစ်ဦးက ရေးသားပေးသော ဆေးညွှန်း သို့မဟုတ် အမှာစာဖြင့် KP ပြင်ပလူနာ ဆေးဆိုင်တစ်ခုတွင် ဝေပေးလိုက်သည်များ

**5.1.1.2.4** **ဆေးဝါးကုသစောင့်ရှောက်မှု အကျိုးခံစားရသူများ။** ။ ဆေးဝါးဆိုင်ရာ မသက်ဆိုင်ကြောင်း ကြေငြာမှုပုံစံတစ်ခုဖြင့် Medicare အပိုင်း (D) အောက်တွင်ဖော်ပြထားသည့် ဆေးညွှန်းဖြင့် ဆေးဝါးများအတွက် Medicare အကျိုး ကျေးဇူးခံစားသူများနှင့် သက်ဆိုင်ပါသည်။

**5.1.1.3 အကြမ်းခံဆေးဝါးကုသမှုဆိုင်ရာကိရိယာများ (Durable Medical Equipment, DME)**။ DME လမ်းညွှန် ချက်များနှင့်အညီ

*Proprietary Information. Kaiser Permanente. All rights reserved.*

KP ထောက်ပံ့သူတစ်ဦးက အမှာစာပေးပြီး KFHP/H က ဆေးဝါးကုသမှုလိုအပ်ချက်ဆိုင်ရာ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် လူနာ တစ်ဦးကို ထောက်ပံ့ပေးသည်များ

**5.1.1.4 ကျန်းမာရေးပညာပေးသင်တန်းများ။** ။ လူနာ၏ ပြုစုမှုဆိုင်ရာအစီအစဉ်၏ တစိတ်တပိုင်းအဖြစ် KP ထောက်ပံ့သူက အချိန်ဇယားဆွဲပြီး ပြင်ဆင်ပေးထားသော တက်ရောက်နိုင်သည့် သင်တန်းများနှင့်သက်ဆိုင်သော အခ များ

**5.1.1.5 ရနိုင်သည့် အကျုံးဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ။** ။ MFA ပေါ်လစီအောက်တွင် အကျုံးဝင်သော ထပ်ပေါင်းဝန်ဆောင်မှုတို့ကို ပူးတွဲဖော်ပြထားသည့် ဖြည့်စွက်ချက်၊ အခန်း ၂၊ *MFA ပေါ်လစီအောက်တွင် အကျုံးဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများနှင့် အကျုံးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ* ဖော်ပြထားသည်။

**5.1.2 အကျုံးမဝင်သော ဝန်ဆောင်မှုများ။** ။ MFA တွင် အောက်ပါတို့ အကျုံးမဝင်ပါ။

**5.1.2.1 KP ထောက်ပံ့သူတစ်ဦးက ဆုံးဖြတ်ပေးသည့်အလျောက် အရေးပေါ် သို့မဟုတ် ဆေးဝါးကုသမှုပိုင်းဆိုင်ရာ လိုအပ်သည်ဟု မသတ်မှတ်ထားသော ဝန်ဆောင်မှုများ။** ၎င်းတွင် အောက်ပါတို့ အပြင် အကန့်အသတ်မရှိ ပါဝင်ပါသည်-

**5.1.2.1.1** လူနာဖြစ်သူ၏ ရုပ်ဆင်းအင်္ဂါ လှပတိုးတက်စေရန် မူမူလက ရည်ရွယ်ထားသည့် အသားအရေဆိုင်ရာ ဝန်ဆောင်မှုများ အပါအဝင် အလှအပဆိုင်ရာခွဲစိတ်မှု သို့မဟုတ် ဝန်ဆောင် မှုများ

**5.1.2.1.2** သားသမီးမရအောင် လုပ်ဆောင်သော ကုသမှုများ

**5.1.2.1.3** လက်လီရောင်းချသော ဆေးဝါးကုသမှုဆိုင်ရာ ပစ္စည်းများ

**5.1.2.1.4** အပ်စိုက်ကုသခြင်း၊ အကြောပြင်ခြင်းနှင့် နှိပ်နယ်ခြင်း ဝန်ဆောင်မှုများ အပါအဝင် အခြားသောပုံစံဖြင့် ကုသမှုများ

**5.1.2.1.5** လိင်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကို ကုစားရန် ဆေးထိုးသွင်းခြင်းနှင့် ကိရိယာများ

**5.1.2.1.6** အငှားကိုယ်ဝန်ဆောင်ခြင်း ဝန်ဆောင်မှုများနှင့်

Proprietary Information. Kaiser Permanente. All rights reserved.

**5.1.2.1.7** ကြားလူတာဝန်ယူခြင်း၊ တစ်ကိုယ်ရေး အာ အာမခံကာကွယ်ရေး သို့မဟုတ် အလုပ်သမားများ၏ နစ်နာကြေးဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်နွယ်နေသည့် ဝန် ဆောင်မှုများ

**5.1.2.2 ဆေးညွှန်းများနှင့် ဆေးဝါးဆိုင်ရာပစ္စည်းများ။** အရေးတကြီး ပေါ်ပေါက်သည် သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာ လိုအပ်သည်ဟု သတ်မှတ်ထားခြင်းမရှိ သော ဆေးညွှန်းများနှင့်ပစ္စည်းများတွင် အောက်ပါတို့ပါဝင်သည့်အပြင် ကန ကန့်သတ်ထားမည် မဟုတ်ပေ။ (၁) ဆေးဝါးနှင့်ကုသမှုဆိုင်ရာကော်မတီက အသိအမှတ်ပြုမထားသော ဆေးဝါးများ (၂) KP ထောက်ပံ့ သူတစ်ဦးက ဆေးညွှန်းပေးခြင်း သို့မဟုတ် အမှာစာပေးခြင်းမရှိသည့် ဆိုင် ပေါ်မှဆေးများနှင့်ဆေးပစ္စည်းများ (၃) အတိအကျ တားမြစ်ထားသည့် ဆေးဝါးများ (ဥပမာ- သားသမီးရစေသောဆေး၊ အလှကုန်၊ လိင်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုအတွက်ဆေး)

**5.1.2.3 Medicare အပိုင်း (D) လျှောက်ထားသူများအတွက် အကျုံးဝင်သော သို့မဟုတ် ဝင်ငွေနည်းသောအစီအစဉ် (Low Income Subsidy, LIS)** အစီအစဉ်တွင် လျှောက်ထား သောသူများအတွက် ဆေးညွှန်းများ။ ဆေး ဆေးဝါးကူညီပေးမှု စီမံကိန်း ဝန်ဆောင်မှု (Centers for Medicare & Medical Services, CMS) လမ်းညွှန်ချက်များနှင့်အညီ LIS အစီအစဉ်တွင် အကျုံး ဝင်ပြီး သို့မဟုတ် လျှောက်ထားပြီး Medicare Advantage အပိုင်း (D) လျှောက်ထားသူများအတွက် ဆေးစာပါဆေးများ၏ ကျန်ရှိနေသော စရိတ်မျှခံမှု

**5.1.2.4 KP ထောက်ပံ့မှု ပြင်ပတွင်ပေးသော ဝန်ဆောင်မှုများ။** MFA ပေါ်လစီသည် KP နေရာများတွင် KP ထောက်ပံ့သူများကပေးသည့် ဝန်ဆောင်မှုများ အတ အတွက်သာ အကျုံးဝင်သည်။ KP ထောက်ပံ့သူထံမှ လွှဲပြောင်းပေးစာပါ သည့်တိုင် အခြားသောဝန်ဆောင်မှုများအားလုံးသည် အကျုံးမဝင်ပါ။ KP မဟုတ်သော ဆေးဝါးကုသမှုနေရာများတွင်ပေးသော ဝန်ဆောင်မှုများ၊ အရေးပေါ်စောင့်ရှောက်ရေးနေရာများနှင့် အရေးပေါ်ဌာနများအပြင် အိမ် တွင်း ကျန်းမာရေး စောင့်ရှောက်မှု၊ ဆေးရုံ၊ နလ

Proprietary Information. Kaiser Permanente. All rights reserved.

နလန်ထူစေရန် ပြုစုစောင့် ရှောက်မှုနှင့် အကျဉ်းသားများ ကျ ကျန်းမာရေးစောင့်ရှောက်မှုတို့ မပါဝင်ပါ။

**5.1.2.5 ကျန်းမာရေးအစီအစဉ် ပရီမီယံများ။** MFA အစီအစဉ်သည် ကျန်းမာရေးစီမံကိန်း အာမခံငွေနှင့်ပတ်သက်သော ကုန်ကျစရိတ်များကို ပေးရန် လူနာအား ကူညီမည် မဟုတ်ပေ။ (ရက်စေ့နေသည်များ သို့မဟုတ် ပရီမီယံများ)

**5.1.2.6အကျိုးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ။** MFA ပေါ်လစီအောက်တွင် အကျိုးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများကို ပူးတွဲဖော်ပြထားသည့် ဖြည့်စွက်ချက်၊ အခန်း ၂၊ *MFA ပေါ်လစီအောက်တွင် အကျိုးဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများနှင့် အကျိုးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ* တွင်ဖော်ပြထားသည်။

**5.2 ထောက်ပံ့သူများ။** MFA သည် ပူးတွဲဖော်ပြထားသည့် ဖြည့်စွက်ချက်၊အခန်း ၃၊ *MFA ပေါ်လစီနှင့်သက်ဆိုင်သောထောက်ပံ့သူများနှင့် မသက်ဆိုင်သောထောက်ပံ့သူများ* တွင်သတ်မှတ်ထားသည့်အတိုင်း MFA ပေါ်လစီနှင့်သက်ဆိုင်သည့် ဆေးဝါးကုသစောင့်ရှောက်မှု ထောက် ပံ့သူများကပေးသော အကျိုးဝင်သည့် ဝန်ဆောင်မှုများသာ အကျိုးဝင်ပါသည်။

**5.3 အစီအစဉ်အချက်အလက်အရင်းအမြစ်နှင့် MFA ကို မည်သို့လျှောက်မည်နည်း။** MFA အစီအစဉ် အကြောင်း ထပ်ပေါင်းအချက်အလက်နှင့် မည်သို့လျှောက်ထားရမည်ကို ပူးတွဲပါ ဖြည့်စွက်ချက်၊ အခန်း *၄၊ အစီအစဉ်အချက်အလက်နှင့် MFA အတွက်လျှောက်ထားခြင်း* တွင် အ အကျဉ်းချုပ် ဖော်ပြထားသည်။

**5.3.1 အစီအစဉ်အချက်အလက် အရင်းအမြစ်များ။** MFA ပေါ်လစီ၊ လျှောက်လွှာပုံစံများ၊ လမ်းညွှန်ချက်များနှင့် အနှစ်ချုပ်ဖော်ပြချက် (အစီအစဉ်လက်ကမ်းစာစောင်များ) ကို အများပြည်သူအတွက် KFHP/H ဝက်ဆိုဒ်တွင် အီးမေးလ်ဖြင့်ဖြစ်စေ၊ လူ လူကိုယ်တိုင် ဖြစ်စေ၊ US စာတိုက်မှတစ်ဆင့် စာဖြင့်ဖြစ်စေ အခမဲ့ ရယူနိုင်ပါသည်။

**5.3.2 MFA ကိုလျှောက်ထားခြင်း။** လူနာသည် KFHP/H ထံမှ ဆေးဝါးကုသမှု ခံယူနေစဉ် ဖြစ်စေ၊ ခံယူပြီးနောက်ပိုင်းတွင်ဖြစ်စေ MFA အစီအစဉ်အတွက် လူကိုယ်တိုင်ဖြစ် စေ စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ လျှောက်လွှာဖြင့်ဖြစ်စေ နည်းလမ်းအမျိုးမျိုးတို့ဖြင့် လျှောက်ထား နိုင်ပါသည်။

**5.3.2.1 အများဆိုင်ရာနှင့် တစ်ဦးချင်းအစီအစဉ်များအတွက် အကျိုးဝင်သော လူနာများကိုစစ်ဆေးခြင်း။** KFHP/H သည် MFA အစီအစဉ်ကို လျှောက်ထားသော

လူနာများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် အထောက်အကူပြုနိုင်မည့် အလားအလာရှိသော အများဆိုင်ရာနှင့်တစ်ဦးချင်း ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များအားဖော်ထုတ်ရန် ဘဏ္ဍာရေးဆိုင်ရာ အတိုင်ပင်ခံဆွေးနွေးမှုများကို ပြုလုပ်ပေးပါသည်။ မည်သည့် အများပြည်သူဆိုင်ရာ သို့မဟုတ် တစ်ဦးချင်း ကျန်းမာရေးဆိုင်ရာ စရိတ်ကျခံ ပေးမှုအစီအစဉ်တွင် အကျုံးဝင်နိုင်မည့် အလားအလာရှိသော လူနာတစ်ဦး သည် ထိုအစီအစဉ်များတွင် လျှောက်ထားရန် လိုအပ်ပါသည်။

**5.4 MFA ကိုလျှောက်ထားရာတွင် လိုအပ်သော အချက်အလက်များ။** MFA အစီအစဉ်အတွက် အများဆိုင်ရာနှင့် တစ်ဦးချင်းကျန်းမာရေးဆိုင်ရာ စရိတ်ကျခံပေးသည့် အစီအစဉ်များအတွက် ပါ အကျုံးဝင်မှုကို အဆုံးအဖြတ်ပေးရာတွင် လူနာ၏ ငွေကြေးဆိုင်ရာအခြေအနေကို စစ်ဆေး အတည်ပြုရန် ပြည့်စုံသော ပုဂ္ဂလိက အချက်အလက်၊ ဘဏ္ဍာရေးနှင့် အခြားသော အချက် အလက်များ လိုအပ်သည်။ မပြည့်စုံသော အချက်အလက်များကြောင့် MFA လျှောက်ထားခြင်း ကိုပယ်ချနိုင်ပါသည်။ အချက်အလက်များကို စာဖြင့်ရေးသားပြီးဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။

**5.4.1 ငွေကြေးဆိုင်ရာအခြေအနေကို စစ်ဆေးအတည်ပြုခြင်း။** လူနာ၏ ငွေကြေးအခြေ အနေကို အထောက်အပံ့တောင်းခံသော အကြိမ်တိုင်းတွင် စစ်ဆေးအတည်ပြုရပါ မည်။ ပြင်ပမှအချက်အလက်အရင်းအမြစ်များကိုသုံးပြီး အတည်ပြုနိုင်သည်ဆိုပါက ထိုသူသည် ငွေကြေးဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရန် မလိုတော့ပါ။

**5.4.2 ငွေကြေးဆိုင်ရာနှင့်အခြားအချက်အလက်များပေးခြင်း။** အကယ်၍ လူနာ၏ ငွေကြေး အခြေအနေကို ပြင်ပအချက်အလက်များအသုံးပြုပြီး အတည်ပြုနိုင်ခြင်းမရှိပါက ထိုသူ ကို သူ၏ငွေကြေးအခြေအနေအား စစ်ဆေးအတည်ပြုနိုင်ရန်အတွက် MFA အစီအစဉ် လျှောက်လွှာတွင် ဖော်ပြထားသော အချက်အလက်ကို တင်ပြရန်တောင်းဆိုနိုင်သည်။

**5.4.2.1 ပြည့်စုံသော အချက်အလက်။** တောင်းခံထားသည့် တစ်ဦးချင်း ဘဏ္ဍာရေး နှင့် အခြားသောအချက်အလက်များအားလုံးရရှိသည်နှင့်တပြိုင်နက် MFA အစီအစဉ် အကျုံးဝင်မှုကို ဆုံးဖြတ်ပေးသည်။

**5.4.2.2 မပြည့်စုံသော အချက်အလက်။** လက်ခံရရှိသော လိုအပ်သည့် အချက် အလက်များ မပြည့်စုံပါက လူနာကို လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အကြောင်းကြားပါမည်။ ထိုလူနာသည် မပြည့်စုံသော အချက် အလက်များကို အကြောင်းကြားစာရရှိသည့်နေ့ သို့မဟုတ် လူကိုယ်တိုင်နှုတ်

Proprietary Information. Kaiser Permanente. All rights reserved.

ဖြင့်ပြောသည့်နေ့ သို့မဟုတ် ဖုန်းဖြင့်အသိပေးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်ပြရပါမည်။

**5.4.2.3 တောင်းဆိုထားသော အချက်အလက်များ မရရှိခြင်း။** အစီအစဉ် လျှောက်လွှာတွင် ဖော်ပြတောင်းဆိုထားသည့် အချက်အလက်များ မရှိသောလူနာသည် အကျုံးဝင်မှုကိုဖော်ပြနိုင်မည့် အခြားရရှိနိုင်သော အထောက်အထားများကို ဆွေးနွေးရန် KFHP/H သို့ ဆက်သွယ်ရမည်။

**5.4.2.4 ငွေကြေးဆိုင်ရာ အချက်အလက် မရရှိနိုင်ခြင်း။** လူနာသည် ငွေကြေးဆိုင် ရာ အခြေခံအချက်အလက် (ဥပမာ- ဝင်ငွေ နှင့် အရင်းအမြစ်၊ မည်သည့်နေရာမှမဆို) နှင့် ၎င်း၏တရားဝင်ရှိမှုအတွက် သက်သေတို့ကို (၁) ပြင်ပအချက်အလက် အရင်းအမြစ်များသုံးပြီး သူ၏ ငွေကြေးအခြေအနေကို အတည်မပြုနိုင်သောအချိန်တွင် (၂) တောင်းခံထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်မရနိုင်သောအချိန်တွင် (၃) အကျုံးဝင်မှုကိုဖော်ပြနိုင်သည့် အခြားအထောက်အထားမရှိသောအချိန်တွင် တင်ပြရန်လိုအပ်သည်။ လူနာသည် အောက်ဖော်ပြပါ အခြေအနေတွင် သူ/သူမထံမှ ငွေကြေးဆိုင်ရာ အခြေခံအချက်အလက်နှင့် သက်သေပြမှုတို့ လိုအပ်သည်။

**5.4.2.4.1** အိမ်ယာမဲ့ဖြစ်နေခြင်း သို့မဟုတ်

**5.4.2.4.2** ဝင်ငွေလုံးဝမရှိခြင်း၊ အလုပ်ရှင်ထံမှ တရားဝင်အခကြေးငွေမရရှိမှု (ကိုယ်ပိုင်အလုပ်လုပ်သူများမပါ)၊ ငွေသားချီးမြှင့်မှုများ လက်ခံရရှိမှု မရှိခြင်း သို့မဟုတ် ယခင်နှစ်အခွန်ထမ်းဆောင်မှုကို နိုင်ငံတော်မှ ပြန်အမ်းငွေကို တောင်းခံရန်မလိုခြင်း သို့မဟုတ်

**5.4.2.4.3** နိုင်ငံလုံးကျွတ် သို့မဟုတ် ဒေသလုံးကျွတ် ကြုံရသည့် အများသိ ကပ်ဘေးဆိုး ကျရောက်ခံရခြင်း (အပိုင်း ၅.၁၁ ကို ကိုးကားပါ)

**5.4.3 သတ်မှတ်ချက်နှင့် ကိုက်ညီပြီးသော လူနာများ။** အောက်ဖော်ပြပါ အခြေအနေတွင် ရှိနေသောလူနာကို ဤအစီအစဉ်၏ အကျုံးဝင်မှုနှင့်ကိုက်ညီသည်ဟု သတ်မှတ်သဖြင့် ငွေကြေးအခြေအနေကို စစ်ဆေးအတည်ပြုရန် ပုဂ္ဂိုလ်ရေး၊ ငွေကြေးနှင့် အခြားအချက် အလက်များကို တင်ပြရန်မလိုပါ။ ထိုလူနာသည်

*Proprietary Information. Kaiser Permanente. All rights reserved.*

**5.4.3.1** သတ်မှတ်ချက်နှင့်ကိုက်ညီသော လူနာများသည် ရပ်ကွက် MFA အဖွဲ့အစည်း (Community MFA, CMFA) တွင် (၁) ဖယ်ဒရယ်၊ နိုင်ငံတော် သို သို့မဟုတ် ဒေသခံအစိုးရ (၂) ပူးပေါင်းဆောင်ရွက်လျက်ရှိသော လူ လူထုအခြေပြုအဖွဲ့အစည်းတို့မှ တစ်ဆင့် စာရင်းသွင်းထားပြီး သို့မဟုတ် (၃) KFHP/H မှ စရိတ်ကျခံထား သည့် ရပ်ရွာကျန်းမာရေးဆိုင်ရာ အခမ်းအနားတစ်ခုတွင် စာရင်းသွင်းထား ခြင်း သို့မဟုတ်

**5.4.3.2** ဝင်ငွေနိမ့်ပါးသောလူနာများအတွက် စောင့်ရှောက်မှုပေးရန် ပုံစံချမှတ်ထားသည့် KP ရပ်ရွာအကျိုးပြု အစီအစဉ်တစ်ခုတွင် စာရင်းပေးသွင်းထားပြီး KFHP/H မှအသိအမှတ်ပြုဝန်ထမ်းက သတ်မှတ်ချက်ကိုက်ညီကြောင်း စစ စစ် ဆေးထားခြင်း သို့မဟုတ်

**5.4.3.3** ဝင်ငွေစစ်ဆေးမှုပြုလုပ်သော၊ ယုံကြည်စိတ်ချရသည့် ကျန်းမာရေးဆိုင်ရာ စရိတ်ကျခံပေးမှု အစီအစဉ်တစ်ခုတွင် စာရင်းသွင်းထားခြင်း (ဥပမာ-ဝင်ငွေနည်းသော ဆေးဝါးထောက်ပံ့မှုလုပ်ငန်း အစီအစဉ်) သို့မဟုတ်

**5.4.3.4** ရက်ပေါင်း ၃၀ အတွင်းတွင် ကာလစေ့ပြီးရရှိထားသော MFA ဆုကို အာမခံထားခြင်း။

**5.4.4** **လူနာ၏ ပူးပေါင်းဆောင်ရွက်မှု။** လူနာသည် တောင်းခံထားသည့် အချက်အလက်များအားလုံးကိုပေးရန်အတွက် သင့်လျော်သော အားထုတ်မှုကို ပြုလုပ်ရန်လိုအပ်ပါသည်။ အကယ်၍ တောင်းခံထားသည့် အချက်အလက်များအားလုံးကို မပေ မပေးနိုင်ပါက အကျုံးဝင်မှုအတွက် အဆုံးအဖြတ်ပေးသောအချိန်တွင် ထိ ထိုအခြေအနေများကို ထည့် သွင်းစဉ်းစားပြီး တွက်ချက်နိုင်ပါသည်။

**5.5** **အကျုံးဝင်သည်ဟု မှတ်ယူနိုင်သော ဆုံးဖြတ်ချက်။** လျှောက်ထားခြင်းမရှိသော လူနာတစ်ဦးသည် သူ၏ ငွေကြေးဆိုင်ရာအခြေအနေကို ပြင်ပအချက်အလက်အရင်းအမြစ်များ သုံးပြီး စစ်ဆေးအတည်ပြုနိုင်သည်ဆိုပါက MFA အစီအစဉ်အတွက် အကျုံးဝင်သည်ဟု သတ်မှတ်နိုင်သည်။ အကယ်၍ အကျုံးဝင်သည်ဟု ဆုံးဖြတ်ပေးခြင်းခံရပါက သူသည် အလိုအလျောက် MFA ချီးမြှင့်မှုတစ်ခုကို ပေးအပ်ခြင်းခံရမည်ဖြစ်ပြီး ဆေးဝါးကုသမှုဆိုင်ရာ ငွေကြေးအကူအညီကို ငြင်းဆန်လိုပါက ငြင်းနိုင်ကြောင်း အသိပေးအကြောင်းကြားစာ ပေးပို့ခြင်းခံရမည်ဖြစ်သည်။ လူနာသည် လျှောက်ထားခြင်းမရှိသော်လည်း အောက်ပါအခြေအနေတွင် အကျုံးဝင်သည်ဟု သတ်မှတ်ခံရနိုင်ပါသည်။

**5.5.1** အာမခံထားမှုမရှိပဲ (၁) KP ထောက်ပံ့မှုတွင် အကျုံးဝင်သော ဝန်ဆောင်မှုများအတွက် ပုံမှန်ချိန်းဆိုမှုရှိနေခြင်း (၂) သူ/သူမထံတွင် ကျန်းမာရေးဆိုင်ရာ စရိတ်ကျခံပေးမှုရှိကြောင်း ဖော်ပြမထားခြင်းနှင့် (၃) Medicaid အတွက် အကျုံးမဝင်သည်ဟု သတ်မှတ်ခံရခြင်း

*Proprietary Information. Kaiser Permanente. All rights reserved.*

**5.5.2** KP အထောက်အပံ့တစ်ခုတွင် ကျန်းမာရေးစောင့်ရှောက်မှုရရှိထားပြီး ငွေကြေးဆိုင်ရာ အခက်အခဲရှိကြောင်း ဖော်ပြချက်များရှိနေခြင်း (ဥပမာ- ကြွေးပူများ လွှဲပြောင်းမှု မတိုင်မီ ဖော်ထုတ်ထားသည့် လတ်တလောပေးရန်ရှိများ)

**5.6** **အစီအစဉ် အကျုံးဝင်မှု သတ်မှတ်ချက်များ။** ပူးတွဲဖော်ပြထားသည့် ဖြည့်စွက်ချက်၊ အပိုင်း ၅၊ *အကျုံးဝင်မှုသတ်မှတ်ချက်များ* တွင်အကျဉ်းချုပ်ဖော်ပြထားသည့်အတိုင်း MFA ကိုလျှောက်ထားသောလူနာသည် ဝင်ငွေစစ်ဆေးမှုကိုအခြေခံသော သို့မဟုတ် မြင့်မားသောဆေးဝါးကုသမှုစရိတ်ကို အခြေခံသော ငွေကြေးဆိုင်ရာအထောက်အပံ့အတွက် သတ်မှတ်ချက်နှင့် ကိုက်ညီပါသည်။

**5.6.1** **ဝင်ငွေစစ်ဆေးမှု သတ်မှတ်ချက်များ။** အကယ်၍ လူနာသည် ဝင်ငွေစစ်ဆေးပြီး အကျုံးဝင်မှုသတ်မှတ်ချက်များနှင့်ကိုက်ညီပါက အခဆုံးအဖြတ်ပေးရန်အတွက် သုံးသပ် ခြင်းခံရပါမည်။

**5.6.1.1** **ဝင်ငွေအဆင့်ပေါ်တွင် အခြေခံသော အကျုံးဝင်မှု။** လူနာ၏ မိသားစုဝင်ငွေသည် ဆင်းရဲမွဲတေမှုဆိုင်ရာ ဖယ်ဒရယ်လမ်းညွှန်ချက် (Federal Poverty Guideline, FPG) ၏ ရာခိုင်နှုန်းတစ်ခုအဖြစ် KFHP/H ဝင်ငွေစစ်ဆေးမှုသတ်မှတ်ချက်ထက် ပိုနည်းသည်ဖြစ်စေ၊ တန်းတူရှိသည်ဖြစ်စေ ငွေကြေးအထောက်အပံ့အတွက် အကျုံးဝင်ပါသည်။

**5.6.1.2** **မိသားစုဝင်ငွေ။** ဝင်ငွေလိုအပ်ချက်သည် အိမ်ထောင်စုတစ်ခု၏ မိသားစုဝင်များကိုထောက်ပံ့နိုင်သည်။ မိသားစုဆိုသည်မှာ မွေးချင်းဖြစ်စေ၊ ထိမ်းမြားပြီးဖြစ်စေ သို့မဟုတ် မွေးစားခြင်းဖြစ်စေ ပတ်သက်ဆက်နွယ်နေကြပြီး အတူတကွနေထိုင်ကြသည့် နှစ်ဦး၏ သို့မဟုတ် ထိုထက်ပိုသောအုပ်စု ဖြစ်သည်။ မိသားစုဝင်များတွင် အိမ်ထောင်ဘက်များ၊ သတ်မှတ်ချက် ကိုက်ညီသည့် တစ်အိမ်တည်းအတူနေ လက်တွဲဖော်များ၊ သားသမီးများ၊ အိမ်ထောင်ထိန်းသိမ်းပေးသည့် ဆွေမျိုးများနှင့် ထိုအိမ်တွင်ပင် နေထိုင်သည့်သားသမီးများ ပါဝင်ပါသည်။

**5.6.2** **မြင့်မားသော ဆေးဝါးကုသမှုစရိတ် စံသတ်မှတ်ချက်။** လူနာသည် မြင့်မားသော ဆေးဝါးကုသမှုစရိတ် အကျုံးဝင်မှုသတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိသည်၊ မရှိသည်ကို ဆုံးဖြတ်ရန်အတွက် သုံးသပ်စစ်ဆေးခံရမည်။

**5.6.2.1** **မြင့်မားသော ဆေးဝါးကုသမှုစရိတ်များကို အခြေခံသည့် အကျုံးဝင်မှု။** မည်သည့်အိမ်ထောင်စုမှမဆို လူနာတစ်ဦးသည် ၁၂ လ နှင့်အထက်ရှိသော အကျုံးဝင်သည့် ဝန်ဆောင်မှုများအတွက် လက်လှမ်းမမီနိုင်သည့် ဆေးဝါးကုသမှုနှင့် ဆေးဝါးကုသမှုဆိုင်ရာစရိတ်များသည် နှစ်ပတ်လည် မိသားစုဝင်ငွေ၏ ၁၀% ရာခိုင်နှုန်းထက် ထက် ပိုများသည်ဖြစ်စေ၊ တန်းတူဖြစ်စေ ငွေကြေး ဆိုင်ရာထောက်ပံ့မှုအတွက် အကျုံးဝင်သည်။

Proprietary Information. Kaiser Permanente. All rights reserved.

**5.6.2.1.1** **KFHP/H ပြင်ပကုန်ကျငွေများ။** စရိတ်မျှ ပေးချေမှုများ၊ စပေါ်ငွေများ၊ စပ်တူအာမခံထားရှိမှုများနှင့် အကျုံးဝင်သော KP ဝန်ဆောင်မှုများနှင့်သက်ဆိုင်သည့် ခုနှိမ်ယူရန်ရှိသည်များ အပါအဝင် ဆေးဝါးကုသမှုနှင့် ဆေးဝါးဆိုင်ရာ ကုန်ကျ စရိတ်များ။

**5.6.2.1.2** **KFHP/H မဟုတ်သော ပြင်ပကုန်ကျငွေများ။** ထိုလူနာက ပေးရန်ရှိသည့်(မည်သည့် လျှော့ဈေးဖြစ်စေ၊ ဈေးနှုန်းဖြတ် တောက်ပေးမှုဖြစ်စေ၊ မပါဝင်သော) အကျုံးဝင်သော ဝန်ဆောင်မှုများနှင့်ဆက်စပ်နေသည့် KP နေရာများမှ မဟုတ်သော ဆေးကုသမှုဆိုင်ရာ၊ ဆေးဝါးနှင့်သွားဘက် ဆိုင်ရာ စရိတ်စကများ ပါဝင်သည်။ လူနာက KP မဟုတ် သည့်နေရာများမှ လက်ခံရရှိသည့်ဝန်ဆောင်မှုများအတွ တွက် ဆေးကုသမှုစရိတ်များ၏ စာရွက်စာတမ်းများကို တင်ပြရန် လိုအပ်သည်။

**5.6.2.1.3** **ကျန်းမာရေးစီမံကိန်းပရီမီယံများ။** ပြင်ပကုန်ကျစရိတ်များ တွင် ကျန်းမာရေးစောင့်ရှောက်မှုစရိတ် ကျခံပေးမှုနှင့် စပ်လျဉ်းသည့် စရိတ်များ မပါဝင်ပါ။(ဥပမာ - အာမခံ ကြေး)

**5.7** **ငြင်းပယ်ခြင်းနှင့် အယူခံဝင်ခြင်းများ**

**5.7.1** **ငြင်းပယ်ခြင်း။** MFA အစီအစဉ်ကို လျှောက်ထားပြီး အကျုံးဝင်မှုသတ်မှတ်ချက်များ နှင့်မကိုက်ညီသောလူနာကို MFA အစီအစဉ်လျှောက်ထားမှုကို ငြင်းပယ်ခံရကြောင်း စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ အသိပေးအကြောင်းကြားပါသည်။

**5.7.2** **MFA ငြင်းပယ်ခြင်းကို အယူခံဝင်ခြင်း။** လူနာသည် မိမိ၏လျှောက်ထားမှု သို့မဟုတ် အ အချက်အလက်များကို မှန်ကန်စွာ စဉ်းစားသုံးသပ်ခြင်းမရှိဟု ယုံကြည်လျှင် ထိ ထိုဆုံးဖြတ်ချက်အတွက် အယူခံဝင်နိုင်သည်။ MFA ငြင်းပယ်စာတွင် အယူခံဝင်မှု လုပ်ဆောင်ချက်အဆင့်ဆင့်ကို ပြည့်စုံစွာ ထည့်သွင်းဖော်ပြထားသည်။ အယူခံဝင်မှု များကို အသိအမှတ်ပြုထားသည့် KFHP/H ဝန်ထမ်းက ပြန်လည်သုံးသပ်ပေးပါသည်။

**5.8** **ဆုရှီးမြှင့်မှုပုံစံ။** MFA ဆုချီးမြှင့်မှုများသည် ပြီးခဲ့သော ပေးရန်အချိန်စေ့သည်များ သို့မဟုတ် ပေးရန်ကျန်ရှိသောလက်ကျန်များနှင့် သက်ဆိုင်ပါသည်။ MFA ဆုချီးမြှင့်မှု၏ အကျုံးဝင်မှု ကာလသည် အချိန်အတိုင်းအတာတစ်ခုအထိ ကန့်သတ်ထားပြီး အချိန်အတိုင်းအတာမှာ အ အမျိုးမျိုးကွဲပြားခြားနိုင်သည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

**5.8.1** **ဆုရှီးမြှင့်မှုအခြေခံ။** MFA အစီအစဉ်က ကျခံပေးသည့် စရိတ်စကများတွင် လူနာတွင် ကျန်းမာရေး အာမခံ ရှိမရှိနှင့် လူနာ၏ အိမ်ထောင်စု ဝင်ငွေကိုအခြေခံပြီး ဆုံးဖြတ်ပါသည်။

**5.8.1.1 ကျန်းမာရေးဖုလုံမှုစောင့်ရှောက်ရေး (အာမခံ) နှင့် MFA အကျုံးဝင်သည့် လူနာ။** အာမခံထားရှိခြင်းမရှိသည့် အကျုံးဝင်သော လူနာသည် အကျုံးဝင်သော ဝန်ဆောင်မှုများအားလုံးတို့တွင် လျှော့ဈေးကို ရရှိမည်ဖြစ်ပါ သည်။

**5.8.1.2 ကျန်းမာရေးဖုလုံမှုစောင့်ရှောက်ရေး (အာမခံမရှိ) မပါပဲ MFA အကျုံးဝင်သည့် လူနာ။** အာမခံထားခြင်းရှိပြီး အကျုံးဝင်သော လူနာသည် (၁) သူ/သူမ ကိုယ်တိုင်တာဝန်ယူရမည်ဖြစ်သော(၂) သူ/သူမ၏ အာမခံကုမ္ပဏီက ကျခံ ပေးလိမ့်မည်မဟုတ်သော အကျုံးဝင်သည့် ဝ ဝန်ဆောင်မှုအားလုံးအတွက် ကျသင့်ငွေတောင်းခံလွှာ၏ အစိတ်အပိုင်းအပေါ်တွင် လျှော့ဈေးကို ရရှိမည်ဖြစ်ပါသည်။ အာမခံထားရှိမှုက ကျခံမပေးသည့် ကျသင့်ငွေ တောင်းခံလွှာကို ဆံ ဆုံးဖြတ်ရန်အတွက် အကျိုးခံစားခွင့်ရှင်းလင်းချက် (Explanation of Benefits, EOB) ကဲ့သို့သော စာရွက်စာတမ်းကို တင်ပြရန် လိုအပ်သည်။

**5.8.1.2.1** **အာမခံကုမ္ပဏီမှ ရရှိသည့် ပေးချေမှုများ။** အာမခံထားရှိပြီး အကျုံးဝင်သည့် လူနာတစ်ဦးသည် KFHP/H မှထောက်ပံ့ပေးသော ဝန်ဆောင်မှုများအတွက် သူ/သူမ၏ အာမခံကုမ္ပဏီထံမှ လက်ခံရရှိသည့် မည်သည့်ပေးချေမှုကိုမဆို KFHP/H ထံ လက်မှတ်ရေးထိုး လွှဲပြောင်းပေးရန် လိုအပ်သည်။

5.8.1.3 **ဈေးလျှော့ပေးထားသည့် အချိန်ကာလ။** မူဝါဒအရ ရရှိနိုင်သော လျှော့ဈေးများအကြောင်း ထပ်ဆောင်းအချက်အလက်များကို ပူးတွဲပါ ဖြည့်စွက်ချက်၊ *အပိုင်း VII ဈေးလျှော့ပေးထားသည့် အချိန်ကာလတွင်* အကျဉ်းချုပ် ဖော်ပြပေးထားပါသည်။

**5.8.1.4 ငွေပေးချေမှုများမှ စိုက်ထားငွေ ပြန်လည်ရှင်းပေးမှုများ။** KFHP/H သည် ပေးရန်တာဝန်ရှိသည့် တတိယလူ/ တစ်ကိုယ်ရေ အာမခံကာကွယ်ရေး၏ ပေးချေမှုများ၊ ငွေပေးချေသူများ သို့မဟုတ် တရားဥပဒေအရ တာဝန်ရှိသော ပါတီများထံမှ စိုက်ထားငွေပြန်လည် ရှင်းပေးမှုများကို သင့်လျော်သလို ဆောင်ရွက်ပေးပါသည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

**5.8.2 ဆုချီးမြှင့်မှုအကျုံးဝင်သည့် အချိန်ကာလအပိုင်းအခြား။** MFA ဆုချီးမြှင့်မှုများသည် အတည်ပြုလိုက်သည့်နေ့ သို့မဟုတ် ဝန်ဆောင်မှုများစတင်ပေးသည့်နေ့ သို့မဟုတ် ဆေးဝါးကုသမှုများစတင်သည့်နေ့တွင် အစပြုပါသည်။ ပူးတွဲဖော်ပြထားသော ဖြည့်စွက်ချက်၊ အပိုင်း *VII၊ ဆုချီးမြှင့်မှု အကျုံးဝင်သည့်အချိန်ကာလအပိုင်းအခြား* တွင် အကျဉ်းချုပ်ဖော်ပြထားသည်နှင့်အညီ အကျုံးဝင်သည့် လူနာအတွက် ဆု ဆုချီးမြှင့်မည့် အချိန်ကာလအပိုင်းအခြားကို အောက်ပါနည်းလမ်းအမျိုးမျိုးဖြင့် သတ်မှတ်ပါသည်။

**5.8.2.1 တိကျသောအချိန်ကာလအပိုင်းအခြား**

**5.8.2.2 ကုသမှုအချိန်ကာလ သို့မဟုတ် စောင့်ရှောက်မှုအချိန်ကာလ။** KP ထောက်ပံ့ သူက တိကျသော ကုသမှုအချိန်ကာလဖြစ်စေ၊ စောင့်ရှောက်မှုအချိန်ကာလ ဖြစ်စေ၊ ထိုနှစ်ရပ်လုံးအတွက်ဖြစ်စေ ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။

**5.8.2.3အများဆိုင်ရာနှင့် တစ်ဦးချင်းဆိုင်ရာ ကျန်းမာရေးစရိတ်မျှခံပေးမှုအစီအစဉ်အတွက် အကျုံးဝင်ရန် အလားအလာရှိသောလူနာများ။** ကာလတို MFA ဆုချီးမြှင့်မှုတစ်ရပ်ကို အများဆိုင်ရာနှင့်တစ်ဦးချင်းဆိုင်ရာ ကျန်းမာရေးစရိတ်ကျခံပေးမှုအစီအစဉ်ကို လျှောက်ထားသောလူနာကို ထောက်ပံ့ရန်ဖြစ်သည်။

**5.8.2.4တစ်ကြိမ်စာ ဆေးဝါးဆိုင်ရာဆုချီးမြှင့်မှု။** MFA အစီအစဉ်ကို လျှောက်ထားခြင်းမတိုင်မီ လူနာသည်(၁) MFA ဆုချီးမြှင့်မှုမရရှိထားပါက(၂) KFHP/Hဆေးအရောင်းဆိုင်တွင် KP ထောက်ပံ့သူတစ်ဦးက ရေးပေးသော ဆေးစာ အတိုင်းဝယ်ယူပါက (၃) ထိုဆေးညွှန်းအတွက် ငွေပေးချေရန် မတတ်နိုင်မှု ကို ဖော်ပြပါက သူ/သူမသည် တစ်ကြိမ်စာဆေးဝါးဆိုင်ရာဆုချီးမြှင့်မှုနှင့် အကျုံးဝင်သည်။ ထိုတစ်ကြိမ်စာဆုချီးမြှင့်မှုတွင် KP ထောက်ပံ့သူတစ်ဦးက ဆေးကုသမှုဆိုင်ရာအရ ဆီလျော်သည်ဟု ဆုံးဖြတ်ပေးသော သင့်တင့်မျှတသည့် သောက်ဆေးပမာဏ ထောက်ပံ့ခြင်းများ ပါဝင်သည်။

**5.8.2.5 ဆုချီးမြှင့်မှုကာလတိုးမြှင့်ပေးရန် တောင်းဆိုခြင်း။** လူနာသည် MFA အကျုံးဝင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိနေသရွေ့ MFA ဆုချီးမြှင့်မှုတစ်ခုကို သက်တမ်းတိုးပေးရန် တောင်းဆိုနိုင်သည်။ သက်တမ်းတိုးပေးရန် တောင်းဆိုမှုများကို အခြေအနေတစ်ခုချင်းစီအလိုက် ပြန်လည်သုံးသပ်ပါသည်။

**5.8.3 ဆုချီးမြှင့်မှုကို ဖျက်သိမ်းခြင်း၊ ရုတ်သိမ်းခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း။** KFHP/H သည် MFA ဆုချီးမြှင့်မှုတစ်ခုကို ဖျက်သိမ်းခြင်း၊ ရုတ်သိမ်းခြင်းနှင့်

*Proprietary Information. Kaiser Permanente. All rights reserved.*

ပြန်လည်ပြင်ဆင်ခြင်းတို့ အား သေချာသောအခြေအနေများတွင် မိမိစိတ်ကြိုက်ပြုလုပ်ခွင့်ရှိသည်။ အခြေအနေ များတွင် အောက်ပါတို့ပါဝင်သည်။

**5.8.3.1 လိမ်လည်မှု၊ ခိုးယူမှုနှင့် ငွေကြေးဆိုင်ရာအပြောင်းအလဲများ။** လိမ်လည်မှု၊ မှားယွင်းဖော်ပြမှု၊ ခိုးမှု၊ လူနာ၏ငွေကြေးဆိုင်ရာအပြောင်းအလဲ သို့မဟုတ် MFA အစီအစဉ်၏ ဂုဏ်သိက္ခာကို ကျဆင်းစေနိုင်သည့် အခြားအခြေအနေ များ

**5.8.3.2 အများဆိုင်ရာနှင့်တစ်ဦးချင်း ကျန်းမာရေးစရိတ်မျှခံပေးမှုအစီအစဉ်များ အတွက်အကျုံးဝင်ခြင်းများ။** အများဆိုင်ရာနှင့်တစ်ဦးချင်း ကျန်းမာရေးစရိတ် မျှခံပေးမှုအစီအစဉ်များတွင်စစ်ဆေးခံထားသောလူနာကို အကျုံးဝင်သည်ဟု ယူဆနိုင်သော်လည်း ထိုအစီအစဉ်များအတွက် လျှောက်ထားမှုအဆင့်ဆင့် တွင် ပူးပေါင်းပါဝင်မှုမရှိခြင်း

**5.8.3.3 အခြားသော ငွေပေးချေမှုအရင်းအမြစ်များ သတ်မှတ်ခြင်း။** လူနာသည် MFA ဆုရီးမြှင့်မှုတစ်ခုကို လက်ခံရရှိပြီးနောက်ပိုင်းတွင် ကျန်းမာရေးစရိတ်မျှခံပေး မှု သို့မဟုတ် အခြားငွေပေးချေမှု အရင်းအမြစ်များ သတ်မှတ်ခြင်းသည် အကျုံးဝင်သော ဝန်ဆောင်မှုများအတွက် ကျသင့်ငွေကို နောက်ပြန်တွက် ချက်ပြီး ပြန်လည်တောင်းခံခြင်းကို ဖြစ်ပေါ်စေသည်။ ထိုသို့ဖြစ်ပါက လူနာ ကို ကျသင့်ငွေတောင်းခံလွှာရှိ (၁) သူ/သူမ ကိုယ်တိုင် ပေးချေရန်တာဝန်ရှိ သောအပိုင်းနှင့် (၂) သူ/သူမ၏ ကျန်းမာရေးစရိတ်မျှခံပေးမှု သို့မဟုတ် အခြားသောပေးချေမှုအရင်းအမြစ်မှ ပေးချေမည်မဟုတ်သော အပိုင်းများ အတွက် ငွေတောင်းခံမှုပြုမည်မဟုတ်ပါ။

**5.8.3.4 ကျန်းမာရေးစရိတ်မျှခံပေးမှု အပြောင်းအလဲများ။** ကျန်းမာရေးစရိတ်မျှခံပေးမှု တွင် အပြောင်းအလဲကြုံတွေ့ရသောလူနာသည် MFA အစီအစဉ်အတွက် ပြန်လည်လျှောက်ထားရန်တောင်းဆိုခြင်းခံရပါလိမ့်မည်။

**5.9 ကျသင့်ငွေတောင်းခံမှုအတွက် အကန့်အသတ်များထားခြင်း။** MFA အကျုံးဝင်သောလူနာများကို Kaiser Foundation Hospital တစ်ခုတွင် အကျုံးဝင်သောဆေးရုံတက်ရောက်မှုစရိတ်များ အတွက် ငွေပမာဏအပြည့်(အကြမ်းဖျင်း ကျသင့်ငွေများ) တောင်းခံခြင်းအား တားမြစ်ပါသည်။ Kaiser Foundation Hospital တစ်ခုတွင် အကျုံးဝင်သောဝန်ဆောင်မှုများရရှိပြီး MFA အစီအစဉ်အတွက် အကျုံးဝင်သော်လည်း MFA ဆုရီးမြှင့်မှုကို မရရှိသေးသော သို့မဟုတ် MFA ဆုရီးမြှင့်မှု ငြင်းပယ်ခံရသော လူနာတစ်ဦးကို အဆိုပါဝန်ဆောင်မှုများအတွက် ပုံမှန်တောင်းခံနေကျ ပမာဏ (amounts generally billed, AGB) ထက်ပိုပြီး တောင်းခံခြင်းမပြုရပါ။

**5.9.1 အထွေထွေကုန်ကျမည့်ပမာဏ။** အရေးပေါ်ဖြစ်စေ၊ အခြားဆေးကုသမှုဆိုင်ရာအရ ဖြစ်စေ လိုအပ်သောပြုစုစောင့်ရှောက်မှုအတွက် ထိုသို့သောစောင့်ရှောက်မှုပိ ပိုင်းတွင် အာမခံထားရှိသော သူများအတွက် အထွေထွေကုန်ကျမည့်ပမာဏ (AGB)

*Proprietary Information. Kaiser Permanente. All rights reserved.*

ကို ပူးတွဲ ဖော်ပြထားသည့် ဖြည့်စွက်ချက်၊ *အပိုင်း၇၊ အထွေထွေကုန်ကျမည့်ပမာဏ (AGB) ကို တွက်ချက်မှုအတွက် အခြေခံအချက်များ* တွင် ဖော်ပြထားသည့်အတိုင်း KP ထောက်ပံ့သူများမှ ဆုံးဖြတ်ပေးပါသည်။

**5.10 ငွေကောက်ခံမှုဆိုင်ရာ ဆောင်ရွက်မှုများ**

**5.10.1 သင့်တင့်သော ကြိုတင်အကြောင်းကြားမှုဆိုင်ရာ အားထုတ်မှုများ။** KFHP/H သို့မဟုတ် ၎င်းကိုကိုယ်စားပြုသော ငွေကောက်ခံရေးအေဂျင်စီသည် လူနာများကို MFA အစီအစဉ်အတွက် သတ်မှတ်ရက်ကျော်လွန်သွားသော ပေးချေမှု သို့မဟုတ် ပေးရန်လက်ကျန်ငွေနှင့်ပတ်သက်ပြီး အသိပေးအကြောင်းကြားရန် သင့်တင့်သော အားထုတ်မှုများ လုပ်ဆောင်ပါသည်။ သင့်တင့်သော ကြိုတင်အကြောင်းကြားမှုဆိုင်ရာ အားထုတ်မှုများတွင် အောက်ပါတို့ပါဝင်ပါသည်။

**5.10.1.1** MFA အစီအစဉ်သည် သတ်မှတ်ချက်ကိုက်ညီသူများအတွက် ရရှိနိုင်ကြောင်း သက်ဆိုင်သောသူကို အသိပေးသည့် ကနဦးဆေးရုံဆင်းစာ ထုတ်ပြီး ရက်ပေါင်း ၁၂၀ အတွင်း စာဖြင့်ရေးသားထားသော အသိပေးစာကိုပေးပို့ခြင်း

**5.10.1.2** အသိပေးစာပေးပို့ပြီး ရက်ပေါင်း ၃၀ ထက်မစောဘဲ KFHP/H သို့မဟုတ် ငွေကြေးကောက်ခံမှုအေဂျင်စီက ကျန်ရှိသောပေးသွင်းငွေအတွက် စတင်လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် သာမန်ထက်ထူးကဲသော ငွေကြေးကောက်ခံမှုဆိုင်ရာ ဆောင်ရွက်မှုများစာရင်း (ECAs) နှင့် ထိုဆောင်ရွက်မှုများ အတွက် နောက်ဆုံးသတ်မှတ်ရက်တို့ပါဝင်သည့် အသိပေးအကြောင်း ကြားစာကိုပေးပို့ခြင်း

**5.10.1.3** ကနဦးဆေးရုံတက်လူနာလက်မှတ်နှင့်တကွ MFA မူဝါဒ၏ ရိုးရှင်းသော စကားအသုံးအနှုန်းဖြင့် အကျဉ်းချုပ်ဖော်ပြချက်တစ်ခုကို ပေးပါ။

**5.10.1.4** MFA မူဝါဒအကြောင်းနှင့် MFA လျှောက်ထားမှုအဆင့်ဆင့်တို့မှတစ်ဆင့် အကူအညီကို မည်သို့ရယူနိုင်ကြောင်း ပေးရန်တာဝန်ရှိသူကို နှုတ်ဖြင့် အသိပေးရန်ကြိုးစားခြင်း

**5.10.2 ပုံမှန်မဟုတ်သော ငွေကောက်ခံမှုဆိုင်ရာ ဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်း။** KFHP/H သည် လူနာကို သာမန်ထက် ထူးကဲသော ငွေကောက်ခံမှုဆိုင်ရာ ဆောင်ရွက်မှုများ (ECAs) မလုပ်ဆောင်သကဲ့သို့ ငွေကောက်ခံပေးသည့် အေဂျင်စီများကိုလည်း လုပ် ဆောင်ရန်ခွင့်မပြုပါ။

**5.10.2.1** အသက်ဝင်ဆဲရှိသော MFA ဆုချီးမြှင့်မှုတစ်ခုရှိခြင်း

Proprietary Information. Kaiser Permanente. All rights reserved.

**5.10.2.2** ECAs စတင်ပြီးနောက်တွင် MFA လျှောက်ထားမှုကို အစပြုခြင်း၊ အကျုံးဝင်မှုအတွက် နောက်ဆုံး ဆုံးဖြတ်ချက်ချပြီးသည်အထိ ECAs ကို ဆိုင်းငံ့ထားခြင်း

**5.10.3 ခွင့်ပြုပေးနိုင်သော ပုံမှန်မဟုတ်သည့် ငွေကောက်ခံမှုဆိုင်ရာ ဆောင်ရွက်မှုများ**

**5.10.3.1 သင့်တင့်သော အားထုတ်မှုများအတွက် နောက်ဆုံး အဆုံးအဖြတ်။** မည်သည့် ECAs ကိုမျှ စတင်ခြင်းမပြုမီတွင် ဝင်ငွေလည်ပတ်မှုဆိုင်ရာ လူနာဘဏ္ဍာရေးဝန်ဆောင်မှုများ နယ်မြေခံခေါင်းဆောင်ကအောက်ပါအတိုင်း သတ်မှတ်လိုက်သည်။

**5.10.3.1.1** MFA အစီအစဉ်၏ လူနာကို အသိပေးအကြောင်းကြားရန် သင့်တင့်သောအားထုတ်မှုများ လုပ်ဆောင်ပြီးကြောင်းနှင့်

**5.10.3.1.2** လူနာကို ပထမဆုံးငွေတောင်းခံလွှာပေးပို့ပြီးနောက် MFA လျှောက်ထားရန် အနည်းဆုံးရက်ပေါင်း ၂၄၀ ပေးထားကြောင်း

**5.10.3.2 စားသုံးသူ ခရက်ဒစ်အေဂျင်စီများ သို့မဟုတ် ခရက်ဒစ်ဗျူရိုများသို့ တိုင်ကြားခြင်း။** KFHP/H သို့မဟုတ် ၎င်းကိုယ်စားငွေကြေးကောက်ခံပေးမည့် အေဂျင်စီတစ်ခုတို့က စားသုံးသူခရက်ဒစ်အေဂျင်စီများ သို့မဟုတ် ခရက်ဒစ်၏ဗျူရိုများထံသို့ အငြင်းပွားဖွယ်အခြေအနေကို တိုင်ကြားနိုင်သည်။

**5.10.3.3 တရားစွဲဆိုခြင်း သို့မဟုတ် တရားမမှုဆိုင်ရာ အရေးယူမှုများ။** မည်သည့် တတရားစွဲဆိုမှု သို့မဟုတ် တရားမမှုဆိုင်ရာ အရေးယူမှုများမပြုလုပ်မီတွင် KFHP/H သည် လူနာ၏ ငွေကြေးအခြေအနေကို ပြင်ပအချက်အလက် အရင်းအမြစ်များအသုံးပြုပြီး MFA အစီအစဉ်အတွက်အကျုံးဝင်ခြင်း ရှိမရှိ ဆုံးဖြတ်နိုင်ရန်အတွက် အတည်ပြုပေးရမည်။

**5.10.3.3.1 MFA အတွက် အကျုံးဝင်သည်။** MFA အစီအစဉ်အတွက် အကျုံးဝင်သော လူနာများအတွက် မည်သည့် ထပ်ပေါင်း လုပ်ဆောင်ချက်မှ မလိုတော့ပေ။ MFA အတွက် ကိုက်ညီသောငွေစာရင်းများကိုပယ်ဖျက်ပြီး နောက်ပြန်တွက်သည့် အခြေခံဖြင့် ပြန်အမ်းပေးမည်။

**5.10.3.3.2 MFA အတွက် အကျုံးမဝင်ပါ။** ဖြစ်တောင့်ဖြစ်ခဲအခြေအနေများတွင် အောက်ဖော်ပြပါ အရေးယူဆောင်ရွက်မှုများကို နယ်မြေခံ ဘဏ္ဍာရေးအရာရှိချုပ် သို့မဟုတ် ထိန်းချုပ်ကွပ်ကဲသူထံမှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ပါသည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

**5.10.3.3.2.1** လုပ်အားခများကို ထိန်းချုပ်လိုက်ခြင်း

**5.10.3.3.2.2** တရားစွဲဆိုခြင်း/အရေးယူခြင်း အလုပ်လက်မဲ့ဖြစ်သောသူနှင့် သီးသန့်ဝင်ငွေမရှိသူတို့ကို ဥပဒေအရ အရေးယူခြင်းမပြုပါ။

**5.10.3.3.2.3** နေအိမ်ကို အကြွေးဖြင့်သိမ်းခြင်း

**5.10.4 တားမြစ်ထားသည့် ပုံမှန်မဟုတ်သည့် ငွေကောက်ခံမှုဆိုင်ရာ ဆောင်ရွက်မှုများ။** KFHP/H သည် မည်သည့်အခြေအနေမျိုးတွင်မဆို အောက်ပါဆောင်ရွက်မှုများကို လုပ်ဆောင်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငွေကြေးကောက်ခံသည့် အေဂျင်စီများကို လုပ်ဆောင်ရန် ခွင့်ပြုပေးမည်မဟုတ်ပါ။

**5.10.4.1** ငွေပေးရန်တာဝန်ရှိသူ၏ ယခင်ပေးရန်ရှိသော ငွေကိုအကြောင်းပြုပြီး အရေးပေါ်ကုသမှုဖြစ်စေ၊ ဆေးကုသမှုလိုအပ်ချက်အရ ပြုစုစောင့်ရှောက်မှုကိုဖြစ်စေ ဆိုင်းငံ့ခြင်း၊ ငြင်းဆန်ခြင်း သို့မဟုတ် ငွေတောင်းခံခြင်းမပြုပါ။

**5.10.4.2** ငွေပေးရန်တာဝန်ရှိသူ၏အကြွေးကို တတိယလူထံ ရောင်းချခြင်း

**5.10.4.3** ပိုင်ဆိုင်မှု ပြန်ရွေးခွင့်ပိတ်သိမ်းခြင်း သို့မဟုတ် ငွေစာရင်းကိုထိန်းချုပ်ခြင်း

**5.10.4.4** ဖမ်းဆီးရန် ဝရမ်းတောင်းခံခြင်း

**5.10.4.5** တရားရုံးတင်ရန်ဖမ်းဆီးမိန့်တောင်းခြင်း

**5.11 သဘာဝ ကပ်ဘေး ပြန်ကြားချက်။** KFHP/H သည် ပြည်နယ် သို့မဟုတ် ဖက်ဒရယ် အစိုးရမှ သဘာဝ ကပ်ဘေးဟု သတ်မှတ်ထားသော အများသိရှိ လက်ခံသည့် ဖြစ်ရပ်များကြောင့် သက်ရောက်ခံရသော လူနာများနှင့် အဖွဲ့အစည်းများသို့ ရရှိနိုင်သော အထောက်အပံ့များကို တိုးမြှင့်ပေးနိုင်ရန် ၎င်း၏ MFA ပရိုဂရမ် အကျုံးဝင် ကိုက်ညီမှု စံမှတ်များနှင့် လျှောက်ထားမှု လုပ်ငန်းစဉ်များကို ယာယီ ပြင်ဆင်နိုင်ပါသည်။

**5.11.1 အလားအလာရှိသည့် အကျုံးဝင် ကိုက်ညီမှု ပြင်ဆင်ချက်များ။** MFA အကျုံးဝင် ကိုက်ညီမှု စံမှတ်များအတွက် ယာယီ ပြောင်းလဲမှုများတွင် ဖော်ပြပါတို့ ပါဝင်နိုင်ပါသည်-

**5.11.1.1** အကျုံးဝင် ကိုက်ညီမှု တားမြစ်ချက်များအား ဆိုင်းငံ့ခြင်း

**5.11.1.2** ပျမ်းမျှ စစ်ဆေးမှု စံမှတ် သတ်မှတ်ချက်များအား တိုးမြှင့်ခြင်း

**5.11.1.3** ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ် စံမှတ် သတ်မှတ်ချက်များအား လျှော့ချခြင်း

*Proprietary Information. Kaiser Permanente. All rights reserved.*

**5.11.2 အလားအလာရှိသော လျှောက်ထားမှု လုပ်ငန်းစဉ် ပြင်ဆင်ချက်များ။** MFA လျှောက်ထားမှု လုပ်ငန်းစဉ်အတွက် ယာယီ ပြောင်းလဲမှုများတွင် ဖော်ပြပါတို့ ပါဝင်နိုင်ပါသည်-

**5.11.2.1** လူနာများအား အခြေခံ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ (ဥပမာ- ဝင်ငွေ၊ တစ်စုံတစ်ရာ အရင်းအမြစ်) ပံ့ပိုးပေးရန်နှင့် (၁) ပြင်ပ အချက်အလက်များကို သုံး၍ လူနာ၏ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေကို အတည်မပြုနိုင်သည့်အခါ၊(၂) တောင်းဆိုထားသော ဘဏ္ဍာရေး အချက်အလက်များအား ဖြစ်ရပ်တစ်ခုကြောင့် မရရှိနိုင်သည့်အခါ၊ (၃) အကျုံးဝင် ကိုက်ညီကြောင်း ဖော်ပြနိုင်သည့် အခြား သက သက်သေအထောက်အထားများ မရှိသည့်အခါ ၎င်း၏ ၎င်း၏ အကျုံးဝင်မှုကို သက်သေပြပေးရန် ခွင့်ပြုပေးခြင်း။

**5.11.2.2** အိမ်ထောင်စု ဝ ဝင်ငွေကို ဆုံးဖြတ်သည့်အခါ ဖြစ်ရပ်တစ်ခုကြောင့် နေ နောင်လာမည့် အလုပ်ခန့်အပ်မှု/လုပ်အားခ ဆုံးရှုံးမှု၏ အကျိုးသက် က်ရောက်မှုကို ထည့်သွင်းစဉ်းစားပေးခြင်း။

**5.11.3 အများပြည်သူအတွက် ရရှိနိုင်သော အချက်အလက်များ။** ယာယီ MFA ပရိုဂရမ် ပြောင်းလဲမှုများအား ဖော်ပြသည့် အချက်အလက်များကို MFA ပရိုဂရမ် ဝက်ဘ်ပေ့ချ်နှင့် သက်ရောက်မှုရှိသည့် ဒေသများရှိ KP အဆောက်အအုံများတွင် အများပြည်သူ ရရှိနိုင်စေရန် လုပ်ဆောင်ပေးထားပါသည်။

**6.0 အကိုးအကားများနှင့် နောက်ဆက်တွဲများ**

**6.1** နောက်ဆက်တွဲ က- ဝေါဟာရအဓိပ္ပါယ်များ

**6.2** ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အရင်းအမြစ်များ

**6.2.1** လူနာကာကွယ်စောင့်ရှောက်ရေးနှင့် စရိတ်မျှတသော ကျန်းမာရေးစောင့်ရှောက်မှု အက်ဥပဒေ (Patient Protection and Affordable Care Act) Public Law 111-148 (124 Stat. 119 (2010))

**6.2.2** ဖယ်ဒရယ်မှတ်ပုံတင်နှင့် နှစ်ပတ်လည် ဖယ်ဒရယ် ဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန် (Federal Register and the Annual Federal Poverty Guidelines)

**6.2.3** ပြည်တွင်းအခွန်ဌာနပုံနှိပ်ထုတ်ဝေမှု၊ ၂၀၁၄ Schedule H အတွက် ညွှန်ကြားချက်များ (ပုံစံ ၉၉၀) (Internal Revenue Service Publication, 2014 Instructions for Schedule H (Form 990))

**6.2.4** ပြည်တွင်းအခွန်ဌာန အမိန့်ကြော်ငြာစာ အမှတ် ၂၀၁၀-၃၉ (Internal Revenue Service Notice 2010-39)

*Proprietary Information. Kaiser Permanente. All rights reserved.*

**6.2.5** ပြည်တွင်းအခွန်ဌာနဝန်ဆောင်မှုသတ်မှတ်ချက်၊ ၂၆ စီအက်ဖ်အာရ် အပိုင်း ၁၊ ၅၃ နှင့် ၆၀၂၊ အာရ်အိုင်အဲန် ၁၅၄၅- ဘီကေ၅၇၊ အာရ်အိုင်အဲန် ၁၅၄၅- ဘီအယ်လ် ၃၀၊ အာရ်အိုင်အဲန် ၁၅၄၅- ဘီအယ်လ် ၅၈- ပရဟိတဆေးရုံများအတွက် အပိုဆောင်း သတ်မှတ်ချက်များ (Internal Revenue Service Code, 26 CFR Parts 1, 53, and 602, RIN 1545-BK57; RIN 1545-BL30; RIN 1545-BL58 – Additional Requirements for Charitable Hospitals)

**6.2.6** ကယ်လီဖိုးနီးယား ဆေးရုံများအသင်း- ဆေးရုံများဘဏ္ဍာရေးဆိုင်ရာ မူဝါဒနှင့် လူထုအကျိုးခံစားခွင့် ဥပဒေများ၊ ၂၀၁၅ခုနှစ် ထုတ်ဝေမှု (California Hospital Association – Hospital Financial Assistance Policies & Community Benefit Laws, 2015 Edition)

**6.2.7** အမေရိကန်ပြည်ထောင်စု ကက်သလစ် ကျန်းမာရေးအသင်း - လူထုအကျိုးခံစားခွင့် ဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် အစီအရင်ခံတင်ပြခြင်းအတွက် လမ်းညွှန် ၊ ၂၀၁၂ ထုတ်ဝေမှု (Catholic Health Association of the United States – A Guide for Planning & Reporting Community Benefit, 2012 Edition)

**6.3** ထောက်ပံ့သူများစာရင်း

**6.3.1** အောက်ပါထောက်ပံ့သူများစာရင်းကို KFHP/H ဝက်ဘ်ဆိုတ်တွင် ရရှိနိုင်သည်။

**6.3.1.1** Kaiser Permanente of Hawaii

**6.3.1.2** Kaiser Permanente of Northwest

**6.3.1.3** Kaiser Permanente of Northern California

**6.3.1.4** Kaiser Permanente of Southern California

**6.3.1.5** Kaiser Permanente of Washington

*Proprietary Information. Kaiser Permanente. All rights reserved.*

## နောက်ဆက်တွဲ (က)

## ဝေါဟာရအဓိပ္ပါယ်များ

**ရပ်ရွာအခြေပြု MFA (CMFA)** သည် KP ထောက်ပံ့မှုများတွင် အာမခံထားရှိမှုမရှိသော လူနာများနှင့် ဝင်ငွေနိမ့်ပါးသည့်လူနာများကို ဆေးကုသမှုဆိုင်ရာအရ လိုအပ်သော စောင့်ရှောက်မှုကို ထောက်ပံ့မှုပေးနိုင်ရန် ရပ်ရွာအခြေပြု ဘေးကင်းရေးကွန်ရက်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး စီစဉ်ထားသော ဆေးကုသရေးဆိုင်ရာ ငွေကြေး အစီအစဉ်များကို ရည်ညွှန်းပါသည်။

**အကြမ်းခံသောဆေးဝါးကုသမှု ပစ္စည်းများ (DME) တွင်** သာမန်လမ်းလျှောက်တုတ်၊ ဂျိုင်းထောက်၊ အသက်ရှူအထောက်အကူ၊ ရည်ရွယ်ထားသည့် အကျိုးကျေးဇူးအတွက် အသုံးအဆောင်များ အိမ်တွင်အသုံးပြုရန် တံခါးလက်ကိုင်များ၊ ဘီးတပ်ကုလားထိုင်များ၊ လမ်းလျှောက်အထောက်အကူများ၊ ဆေးရုံသုံးကုတင်များနှင့် DME သတ်မှတ်ချက်များတွင် ဖော်ပြထားသည့် အိမ်တွင်အသုံးပြုရန် အောက်စီဂျင်များစသည်တို့ ပါဝင်သည်။ DME တွင် အရိုးပြုပြင်ခြင်းဆိုင်ရာ အထောက်အကူများ၊ ခန္ဓာကိုယ်တွင်အစားထိုးမည့် အစိတ်အပိုင်းအတုများ (ဥပမာ- ဒူးတွင်တပ်ဆင်အသုံးပြုသော/ခါးရိုးတွင်တပ်ဆင်အသုံးပြုသော လှုပ်ရှားမှုအထောက်အကူနှင့် လေရှူပြွန်အတုနှင့် ဆေးပစ္စည်းများ) နှင့် ဆိုင်ပေါ်တင်ရောင်းသောပစ္စည်းများနှင့် ကုန်ပျော့များ (ဥပမာ- ဆီးလမ်းကြောင်းဆိုင်ရာ အသုံးအဆောင်များနှင့် ဒဏ်ရာအတွက်ဆေးပစ္စည်းများ) တို့မပါဝင်ပါ။

**အကျုံးဝင်သောလူနာ**ဆိုသည်မှာ (၁) အာမခံထားမှုမရှိခြင်း (၂) အများဆိုင်ရာအစီအစဉ်မှာ စရိတ်မျှပေးမှု ရရှိနေခြင်း (ဥပမာ- Medicare, Medicaid သို့မဟုတ် ကျန်းမာရေးသတင်းအချက်အလက်ဖလှယ်မှုမှတစ်ဆင့် ဝယ်ယူထားသော ကျန်းမာရေးစောင့်ရှောက်မှုစရိတ်မျှခံပေးခြင်း) (၃) KFHP မဟုတ်သည့် ကျန်းမာရေးအစီအစဉ်တစ်ခုမှ အာမခံထားပေးခြင်း သို့မဟုတ် (၄) KFHP မှအာမခံထားပေးခြင်းစသည်တို့ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤမူဝါဒတွင် ဖော်ပြထားသည့် အကျုံးဝင်မှုသတ်မှတ်ချက်များနှင့် ကိုက်ညီသောသူတစ်ဦးဖြစ်သည်။

**ပြင်ပအချက်အလက်အရင်းအမြစ်များ** ဆိုသည်မှာ MFA အစီအစဉ်အတွက် အကျုံးဝင်မှုကိုစစ်ဆေးရာတွင် လူနာ၏ ငွေကြေးအခြေအနေကို တရားဝင်ဖြစ်စေရန် သို့မဟုတ် အတည်ပြုရန် KP ကသုံးသောငွေကြေးအခြေအနေဆိုင်ရာ သတင်းအချက်အလက်များကို ပေးနိုင်သည့် ပြင်ပရောင်းသည်များ၊ ခရက်ဒစ်အစီအရင်ခံရေးသော အေဂျင်စီတို့ဖြစ်ပါသည်။

**ဖယ်ဒရယ် ဆင်းရဲမွဲတေမှုဆိုင်ရာ လမ်းညွှန်ချက်များ (FPG)** သည် အမေရိကန်ပြည်ထောင်စုရှိ ကျကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှုဌာနက ဆင်းရဲသည်ဟု သတ်မှတ်မှုအတွက် တစတစ်နှစ်စာဝင်ငွေရရှိမှုအဆင့်ကိုဖော်ပြပေးပြီး ဖယ်ဒရယ်စာရင်းပေးသွင်းရာတွင် နှစ်စဉ် အချက်အလက်ဖြည့်ပေးသည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

**နောက်ဆက်တွဲ (က)**

**ဝေါဟာရအဓိပ္ပါယ်များ (နောက်ဆက်တွဲ)**

**ငွေကြေးဆိုင်ရာအတိုင်ပင်ခံဆွေးနွေးခြင်း** ဆိုသည်မှာ KP နေရာများတွင် ပေးအပ်လျက်ရှိသော ဝန်ဆောင်မှုများအတွက် ငွေကြေးထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု စရိတ်မျှပေးခြင်းဆိုင်ရာ ရွေးချယ်နိုင်သည်များအကြောင်းကို စူးစမ်းရှာဖွေရန် လူနာများတို့ကို အကူအညီပေးရာတွင် သုံးသည့်လုပ်ငန်းစဉ်ဖြစ်သည်။ ငွေကြေးဆိုင်ရာ အတိုင်ပင်ခံဆွေးနွေးမှုကို လုပ်ဆောင်လိုသောလူနာများတွင် ကိုယ်တိုင်ပေးချေသူ၊ အာမခံထားမှုမရှိသူ၊ အာမခံလုံလောက်မှုမရှိသူများနှင့် လူနာကပေးရန်ရှိသည့် ပမာဏအပြည့်အဝကို ပေးရန်မတတ်နိုင်ကြောင်း ဖော်ပြထားမှုများပါဝင်ပါသည်။

**အိမ်ယာမဲ့မှု** သည် အောက်ပါနေရာ သို့မဟုတ် အခြေအနေတွင် နေထိုင်နေရသည့် လူတစ်ဦး၏အနေအထားကို ဖော်ပြသည်။

- ကားများ၊ ပန်းခြံများ၊ လူသွားလမ်းများ၊ စွန့်ပစ်အဆောက်အဦများ(လမ်းပေါ်တွင်ရှိသော) ကဲ့သို့သော လူနေထိုင်ရန် မဟုတ်သည့်နေရာများတွင်ဖြစ်စေ
- အရေးပေါ်ကယ်ဆယ်ရေးစခန်းတွင်ဖြစ်စေ
- လမ်းပေါ်မှဖြစ်စေ၊ အရေးပေါ်ကယ်ဆယ်ရေးစခန်းမှဖြစ်စေ ရောက်လာသော အိမ်ခြေမဲ့များအတွက် ကြားကာလနေထိုင်စရာ သို့မဟုတ် အထောက်အပံ့အနေနှင့်ပေးသည့်နေစရာတွင်ဖြစ်စေ
- အထက်ဖော်ပြပါ မည်သည့်နေရာတွင်မဆို နေထိုင်သော်လည်း ဆေးရုံ သို့မဟုတ် အခြားသောဌာန တစ်ခုတွင် ကာလတို (ဆက်တိုက် ရက်ပေါင်း ၃၀) နေထိုင်သွားခြင်း
- ပုဂ္ဂလိကနေထိုင်ရာနေရာတစ်ခုမှ တစ်ပတ်အတွင်း နှင်ချခံရခြင်း သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုမှ ထွက်ပြေးလာပြီးနောက် သွားစရာနေရာမရှိခြင်းနှင့် အိမ်ယာရရှိရန် လိုအပ်သော အရင်းအမြစ်များနှင့် အထောက်အပံ့ကွန်ရက်များ မရှိခြင်း
- စိတ်ကျန်းမာရေးဆေးရုံ သို့မဟုတ် ပြည်သူပိုင်ပစ္စည်းအလွဲသုံးစားမှု ပြုပြင်ရေးဌာနကဲ့သို့သော နေရာများတွင် ဆက်တိုက် ရက်ပေါင်း ၃၀ ထက်ပို၍နေထိုင်ခဲ့ပြီး ဆေးရုံမှဆင်းချိန်တွင် နေစရာနေရာမရှိခြင်းနှင့် ထိုသူတွင် အိမ်ယာရရှိစေမည့် ငွေကြေးအရင်းအမြစ်နှင့် လူမှုရေးအထောက်အပံ့ကွန်ရက်များ မရှိခြင်း

**KP** တွင် Kaiser Permanente Insurance Company (KPIC) မှလွဲပြီး Kaiser Foundation Hospitals ၊ Kaiser Foundation Health Plans ၊ Permanente Medical Groups နှင့် ၎င်းတို့၏ လက်အောက်ခံအဖွဲ့များ ပါဝင်သည်။

**KP နေရာများ**တွင် လူနာပြုစုစောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုများအပါအဝင် KP လုပ်ငန်းများလည်ပတ်ဆောင်ရွက်ရန် KP ကပိုင်ဆိုင်သည်ဖြစ်စေ၊ ငှားရမ်းထားသည်ဖြစ်စေ အဆောက်အဦအတွင်းပိုင်းနှင့် အပြင်ပိုင်း အအပါအဝင် မည်သည့် ရုပ်ပိုင်းဆိုင်ရာနေရာများမဆို (ဥပမာ- အဆောက်အဦတစ်ခုလုံး၊ KP အထပ်တစ်ထပ် သို့မဟုတ် အခြား KP ပိုင်မဟုတ်သည့် အဆောက်အဦအတွင်းပိုင်းဖြစ်စေ၊ အပြင်ပိုင်းဖြစ်စေ) တို့ ပါဝင်သည်။

Proprietary Information. Kaiser Permanente. All rights reserved.

## နောက်ဆက်တွဲ (က)
## ဝေါဟာရအဓိပ္ပါယ်များ (နောက်ဆက်တွဲ)

**ဝင်ငွေစစ်ဆေးခြင်း** ဆိုသည်မှာ ပြင်ပအချက်အလက်အရင်းအမြစ်များ သို့မဟုတ် လူနာကပေးသော အချက်အလက်များဖြင့် အများပြည်သူဆိုင်ရာ စရိတ်မျှခံမှုအစီအစဉ် သို့မဟုတ် MFA အတွက် ထိုသူ၏ဝင်ငွေသည် ဖ ဖယ်ဒရယ်ဆင်းရဲမွဲတေမှုဆိုင်ရာလမ်းညွှန်ချက်တွင် ဖော်ပြထားသည့် ရာခိုင်နှုန်းထက် ပိုမိုကြီးမားခြင်း ရှိသည်၊ မရှိသည်ကို အခြေခံပြီး အကျုံးဝင်မှုကို ဆုံးဖြတ်ရာတွင် အသုံးပြုသည်။

**ဆေးကုသမှုအတွက် ငွေကြေးဆိုင်ရာအထောက်အပံ့ (MFA)** သည် မိမိတို့၏ ဆေးကုသမှုဆိုင်ရာအရ လိုအပ်သောဝန်ဆောင်မှုများ၊ ထုတ်ကုန်များ၊ ဆေးဝါးများ အားလုံးအတွက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအတွက်ဖြစ်စေ၊ ငွေပေးချေရန် မတတ်နိုင်သော၊ စရိတ်မျှခံပေးမည့် အများဆိုင်ရာနှင့်တစ်ဦးချင်း အရင်းအမြစ်အားလုံးကို သုံးထားပြီးသားဖြစ်နေသော အကျုံးဝင်သည့်လူနာများအတွက် ဆေးကုသမှုဆိုင်ရာ စရိတ်စကများကို ကျခံရန် ငွေကြေးအထောက်အပံ့ကိုချီးမြှင့်ပေးသည်။ ထိုသူများတို့သည် ကုသမှုစရိတ်စကအချို့ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ပေးချေရန် အထောက်အပံ့တွင် အစီအစဉ်သတ်မှတ်ချက်များနှင့် ကိုက်ညီရန်လိုအပ်ပါသည်။

**ဆေးကုသမှုဆိုင်ရာပစ္စည်းများ**ဆိုသည်မှာ ဆေးကုသမှုပိုင်းဆိုင်ရာအရ လိုအပ်သောဝန်ဆောင်မှုများကို လိုင်စင်ရကျန်းမာရေးစောင့်ရှောက်မှုပေးသူက ပေးစဉ်တွင် အသုံးပြုသော ဒူးခေါင်းထောက် တွဲလောင်းဆွဲသောကြိုးများ၊ အနာဆေးထည့်သည့်ပစ္စည်းများနှင့် ပတ်တီးများကို ရည်ညွှန်းခြင်းဖြစ်ပြီး လူနာက အခြားသောအရင်းအမြစ်မှ ဝယ်ယူ သို့မဟုတ် ရယူထားသည့် အဆိုပါပစ္စည်းများမပါဝင်ပါ။

**ဆေးဝါးအတွက် သဘောတူညီချက်** သည် ဝင်ငွေနိမ့်သော KP Senior Advantage Medicare အပိုင်း (D) အဖွဲ့ဝင်များကို Medicare အပိုင်း (D) တွင်အကျုံးဝင်သော ဆေးဝါးများကို ပြင်ပလူနာဌာနတွင် ဝယ်ယူရန်အတွက် စရိတ်မတတ်နိုင်သောသူများအတွက် ငွေကြေးအထောက်ပံ့ကိုပေးသည်။

**လုံခြုံဘေးကင်းရေးကွန်ရက်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ ဆေးရုံ၊ ရပ်ကွက်ဆေးပေးခန်း၊ အသင်းတော်၊ အိမ်ယာမဲ့ကယ်ဆယ်ရေးစခန်း၊ ရွေ့လျားဆေးကုသရေးယူနစ်၊ ကျောင်း စသည်တို့တွင် အာမခံထားခြင်း မရှိသူတို့အတွက် တိုက်ရိုက်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုပေးသော အကျိုးအမြတ်မရှာသော အဖွဲ့အစည်းများဖြစ်စေ၊ အစိုးရအေဂျင်စီများဖြစ်စေ၊ ထိုနှစ်ရပ်လုံးကိုဖြစ်စေ ရည်ညွှန်းသည်။

**လုံလောက်သောအာမခံထားမှုမရှိသူ** ဆိုသည်မှာ ကျန်းမာရေးဆိုင်ရာ စရိတ်မျှခံပေးမှုရှိသော်လည်း အာမခံပရီမီယံကြေးများ၊စရိတ်မျှခံမှုများ၊ စပ်တူအာမခံထားရှိမှုများနှင့် ဖြတ်တောက်ယူဖွယ်ရာများကြောင့် သိသာထင်ရှားသော ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး လက်လှမ်းမမီသောစရိတ်များကြောင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိသောသူဖြစ်သည်။

**အာမခံထားခြင်းမရှိသောသူ** ဆိုသည်မှာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ပေးချေရာတွင် ကူညီရန် ကျန်းမာရေးစောင့်ရှောက်မှုအာမခံဖြစ်စေ၊ ဖယ်ဒရယ် သို့မဟုတ် နိုင်ငံတော်ကတာဝန်ယူသည့် ငွေကြေးအထောက်အပံ့ဖြစ်စေ မရှိသောသူဖြစ်သည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

## နောက်ဆက်တွဲ (က)

## ဝေါဟာရအဓိပ္ပါယ်များ (နောက်ဆက်တွဲ)

**ထိခိုက်လွယ်သောလူများ**တွင် လူမှုစီးပွားရေးအခြေအနေ၊ ရောဂါဘယ၊ လူမျိုးရေး၊ အသက်ရွယ် သို့မဟုတ် အခြား ချို့တဲ့စေသော အကြောင်းအရာများကြောင့် ကျန်းမာရေးနှင့်လူမှုဖူလုံရေးတို့သည် အခြားသော သာမန်လူဦးရေ ထက် ပိုမိုအန္တရာယ်ကျရောက်လွယ်သည့် လူစုလူဝေးတို့ ပါဝင်သည်။

**ရုံးတင်စစ်ဆေးရန် ဖမ်းဆီးခေါ်ဆောင်လာခြင်း** ဆိုသည်မှာ ဖမ်းဝရမ်းနှင့်ဆင်တူပြီး တရားမမှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားရုံးတော်တစ်ခုက အာဏာပိုင်များကို ထိုသူအား ဖမ်းဆီးခေါ်ဆောင်လာရန် ညွှန်ကြားခြင်း ဖြစ်သည်။

**ဖြည့်စွက်ချက် ။ ။ Kaiser Permanente Northern California**

**I.** Kaiser Foundation Hospitals ။ ။ ဤပေါ်လစီသည် မြောက်ကယ်လီဖိုးနီးယားဒေသရှိ အောက်ပါ Kaiser Foundation Hospitals တွင်သာအကျုံးဝင်ပါသည်။

| | | |
|---|---|---|
| KFH Antioch | KFH Richmond | KFH San Rafael |
| KFH Fremont | KFH Roseville | KFH Santa Rosa |
| KFH Fresno | KFH Redwood City | KFH South Sacramento |
| KFH San Leandro | KFH Sacramento | KFH South San Francisco |
| KFH Manteca | KFH Santa Clara | KFH Vacaville |
| KFH Modesto | KFH San Francisco | KFH Vallejo |
| KFH Oakland | KFH San Jose | KFH Walnut Creek |

မှတ်ချက် ။ ။ Kaiser Foundation Hospitals သည် ဆေးရုံစရိတ်သင့်တင့်သော ပေါ်လစီ၊ ကယ်လီဖိုးနီးယား ကျန်းမာရေးနှင့်လုံခြုံရေးကုဒ် ၁၂၇၄၀၀$ ကို လိုက်နာကျင့်သုံးပါသည်။

**II. MFA ပေါ်လစီအောက်တွင် အကျုံးဝင်သော၊ အကျုံးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ**

a. **အိမ်ယာမဲ့ လူနာများအတွက် သယ်ယူပို့ဆောင်ရေး။** အိမ်ယာမဲ့လူနာတစ်ဦးအတွက် အရေးပေါ်အခြေအနေနှင့် အရေးပေါ်မဟုတ်သော အခြေအနေများတွင် KP ဆေးရုံတစ်ခုမှဖြစ်စေ၊ KP အရေးပေါ်ဌာနများမှဖြစ်စေ ဆင်းသွားရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ရရှိနိုင်ပါသည်။

b. **အခြေခံချွင်းချက်ပေါ်တွင်ရရှိနိုင်သော ထပ်ပေါင်းဝန်ဆောင်မှုများ။** အချို့သောအခြေအနေများတွင် MFA သည် KP မဟုတ်သော အသုံးအဆောင်များနှင့် ဈေးနှုန်းမြင့်ဆေးကုသစရိတ်စံသတ်မှတ်ချက်နှင့်ကိုက်ညီသော လူနာများ (အထက်တွင်ပါသော အပိုင်း ၅.၆.၂ ကုန်ကျမှုများနိုင်သော ဆေးဝါးလိုအပ်မှု) အတွက် KP ထောက်ပံ့သူများမှ မှာယူထားသော အကြမ်းခံနိုင်သော ဆေးဝါးကုသမှု ကိရိယာများ (DME) ဝန်ဆောင်မှုများကို ရနိုင်သည်။

i. **ကျွမ်းကျင်သူနာပြုဝန်ဆောင်မှုများ။** ဆေးရုံဆင်းရန်အတွက် ဝန်ဆောင်မှုပေးသော KP ထောက်ပံ့သူမှ ဆုံးဖြတ်ချက်အရ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်သည့် လူနာများကို စာချုပ်ချုပ်ဆိုထားသော KP ဝန်ဆောင်မှုမှ ထောက်ပံ့ပေးသည်။

ii. **အကြမ်းခံနိုင်သော ဆေးဝါးကုသမှု ကိရိယာများ (Durable Medical Equipment, DME)** ။ DME လမ်းညွှန်ချက်များနှင့်အညီ KFHP/H DME ဌာနမှတစ်ဆင့် KP ထောက်ပံ့သူမှ မှာယူရပါမည်။ ကျန်းမာရေးလိုအပ်ချက်

စံသတ်မှတ်နှုန်းနှင့် ကိုက်ညီသော လူနာများကို စာချုပ်ချုပ်ဆိုထားသော အရောင်းကိုယ်စားလှယ်မှတဆင့် ထောက်ပံ့ရမည်။

c. **အကျုံးမဝင်သော ထပ်ပေါင်းဝန်ဆောင်မှုများ**

   i. နားကြားအကူကိရိယာများ

   ii. အမြင်အာရုံဆိုင်ရာ ကိရိယာများ

   iii. **Medi-Cal စရိတ်မျှခံမှုနှင့်သက်ဆိုင်သည့် ကုန်ကျစရိတ်များ (Share of Cost, SoC) ။** Soc သည် ဝင်ငွေမြင့်မားသော Medi-Cal အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအကျိုးခံစားခွင့်များကိုပေးပးအပ်ရန် ဖန်တီး ထားသည့် Medi-Cal အစီအစဉ်၏ အရေးပါသော အအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ MFA သည် SoC အောက်တွင်ကျရောက်သော ဝန်ဆောင်မှုကုန်ကျစရိတ်များအတွက် အကျုံးဝင်မည်မဟုတ်ပါ။

**III. MFA ပေါ်လစီအောက်တွင် ရှိနေသော၊ မရှိနေသော ထောက်ပံ့သူများ** ။ MFA ပေါ်လစီအောက်တွင် ရှိနေသော၊ မရှိနေသော Kaiser Foundation Hospitals ရှိ ထောက်ပံ့သူစာရင်းကို KFHP/H MFA ဝက်ဆိုဒ် www.kp.org/mfa/ncal တွင် အခမဲ့ ရယူနိုင်ပါသည်။

**IV. အစီအစဉ်အချက်အလက်နှင့် MFA ကို လျှောက်ထားခြင်း။** ။ MFA အစီအစဉ်အချက်အလက်၊ MFA ပေါ်လစီ ကော်ပီများအပါအဝင်၊ လျှောက်လွှာများ၊ လမ်းညွှန်ချက်များနှင့် ရှင်းလင်းချက်အကျဉ်းချုပ် (အစီအစဉ်လက်ကမ်းစာစောင် များ) များကို ဖိုင်ဖြင့်ဖြစ်စေ၊ စာရွက်ဖြင့်ဖြစ်စေ အခမဲ့ရရှိနိုင်ပါသည်။ MFA အစီအစဉ်ကို လျှောက်မည့်လူနာသည် KFHP/H ထံမှ လက်ခံရရှိသော ဆေးဝါးကုသမှုခံယူနေစဉ်တွင်ဖြစ်စေ၊ ခံယူပြီးနောက်ပိုင်းတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လျှောက်လွှာဖြင့်ဖြစ်စေ နည်းလမ်းအမျိုးမျိုးဖြင့် လျှောက်ထားနိုင်ပါသည်။ (အထက်တွင်ဖော်ပြထားသော အပိုင်း ၅.၃ နှင့် ၅.၄ တို့တွင်ကြည့်ပါ။)

a. **KFHP/H ဝက်ဆိုဒ်မှ အစီအစဉ်အချက်အလက်ကို ဒေါင်းလုပ်လုပ်ခြင်း။** အစီအစဉ်အချက်အလက်၏ အီလက်ထရွန်နစ်ကော်ပီများကို MFA ဝက်ဆိုဒ်ဖြစ်သည့် www.kp.org/mfa/ncal တွင် ရရှိနိုင်ပါသည်။

b. **အီလက်ထရောနစ်အစီအစဉ်အချက်အလက်များကို တောင်းခံခြင်း။** အစီအစဉ်အချက်အလက်၏ အီလက် ထရောနစ်ကော်ပီများကို အီးမေးလ်မှတစ်ဆင့် တောင်းခံနိုင်ပါသည်။

c. **အစီအစဉ်အချက်အလက်ရယူခြင်း သို့မဟုတ် လူကိုယ်တိုင်လျှောက်ထားခြင်း။** အစီအစဉ်အချက်အလက်များ ကို အပိုင်း ၁ တွင်ဖော်ပြထားသည့် *Kaiser Foundation Hospitals* စာရင်းတွင်ပါဝင်သော Kaiser Foundation Hospitals

ရှိ လူနာလက်ခံဌာနနှင့် အရေးပေါ်ဌာနတို့တွင် ရရှိနိုင်ပါသည်။

d. **တယ်လီဖုန်းဖြင့် အစီအစဉ်အချက်အလက်တောင်းခံခြင်း သို့မဟုတ် လျှောက်ထားခြင်း။** တယ်လီဖုန်းဖြင့် သတင်းအချက်အလက်ပေးရန်၊ MFA အကျုံးဝင်မှုကို ဆုံးဖြတ်ပေးရန်နှင့် MFA လျှောက်ထားရန်၊ လူနာအား အကူအညီပေးရန် အတိုင်ပင်ခံများ ရှိပါသည်။ ထိုအတိုင်ပင်ခံများကို ဆက်သွယ်နိုင်သည့် နံပါတ်မှာ

ဖုန်းနံပါတ်(များ) ၁-၈၀၀-၃၉၀-၃၅၀၇

e. **စာတိုက်မှတစ်ဆင့် အစီအစဉ်အချက်အလက် တောင်းခံခြင်း သို့မဟုတ် လျှောက်ထားခြင်း။** လူနာသည် MFA အစီအစဉ်လျှောက်လွှာကို စာတိုက်မှပေးပို့ပြီး အစီအစဉ်အချက်အလက်တောင်းခံခြင်းနှင့် ပြီးပြည့်စုံသော MFA အတွက် လျှောက်ထားခြင်း ပြုလုပ်နိုင်ပါသည်။ သတင်းအချက်အလက် တောင်းခံစာနှင့် လျှောက်လွှာများကို အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

Kaiser Permanente
Attention: Medical Financial Assistance
P.O. Box 30006
Walnut Creek, California 94598

f. **ဖြည့်ထားသောလျှောက်လွှာများကို လူကိုယ်တိုင်ပေးပို့ခြင်း။** ဖြည့်ထားပြီးသောလျှောက်လွှာများကို Kaiser Foundation Hospitals တိုင်းရှိ စာရင်းသွင်းဌာနတွင် လူကိုယ်တိုင်သွားရောက်ပေးပို့နိုင်ပါသည်။

**V. အကျုံးဝင်မှုဆိုင်ရာသတ်မှတ်ချက်များ။** MFA အကျုံးဝင်မှုကိုဆုံးဖြတ်ရာတွင် လူနာ၏ မိသားစုဝင်ငွေကို ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ (အထက်ဖော်ပြပါ အပိုင်း ၅.၆.၁ တွင် ကြည့်ပါ။)

a. ဝင်ငွေစစ်ဆေးမှုသတ်မှတ်ချက်များ။ ဆင်းရဲမွဲတေမှုဆိုင်ရာ ဖယ်ဒရယ်လမ်းညွှန်ချက်များ၏ ၃၅၀% အထက်

b. အခကြေးငွေ ဖြတ်တောက်ယူခြင်းခံရန်ရှိနေသော KFHP အဖွဲ့ဝင်များသည် ထိုအစီအစဉ်တွင် အကျုံးဝင်စေရန်အတွက် မြင့်မားသောဆေးဝါးကုသမှု ကုန်ကျစရိတ်သတ်မှတ်ချက် က်နှင့် ကိုက်ညီရပါမည်။

**VI. လျှော့စျေးပေးမည့် ကာလ။** ဆေးကုသမှုအတွက် ငွေကြေး အထောက်အပံ့ ရရှိရန် သတ်မှတ်ချက်ပြည့်မီသော လူနာထံမှ KP က ကောက်ခံသည့် ပမာဏသည် အစီအစဉ်တွင် လူနာအား ခံစားခွင့်ပြုထားသော သတ်မှတ်ချက် အမျိုးအစားအပေါ် အခြေခံပါသည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

a. **လူနာသည် ဝင်ငွေ စစ်ဆေးမှု သတ်မှတ်ချက်နှင့် ကိုက်ညီခြင်း။** ဝင်ငွေ စစ်ဆေးမှု သတ်မှတ်ချက်နှင့် ကိုက်ညီသော လူနာသည် လူနာဘက်က ကျခံရန် တာဝန်ရှိသော ဝန်ဆောင်ခများအတွက် ၁၀၀% လျှော့စျေးကို ရရှိမည် ဖြစ်ပါသည်။

b. **လူနာသည် မြင့်မားသော ဆေးကုသမှု ကုန်ကျစရိတ် သတ်မှတ်ချက်နှင့် ကိုက်ညီခြင်း။** မြင့်မားသော ဆေးကုသမှု ကုန်ကျစရိတ် သတ်မှတ်ချက်နှင့် ကိုက်ညီသော လူနာသည် လူနာဘက်က ကျခံရန် တာဝန်ရှိသော ဝန်ဆောင်ခများအတွက် ၁၀၀% လျှော့စျေးကို ရရှိမည် ဖြစ်ပါသည်။

**VII. ထောက်ပံ့ကြေးပေးအပ်မည့်ကာလ။** MFA အထောက်အပံ့ချီးမြှင့်မှုများသည် ခွင့်ပြုလိုက်သည့်နေ့ သို့မဟုတ် ဝန်ဆောင် မှုများ စတင်ပေးသည့်နေ့ သို့မဟုတ် ဆေးဝါးကုသမှုများစတင်သည့်နေ့တွင် အစပြုပါသည်။ MFA အထောက်အပံ့ ချီးမြှင့်မှု အကျုံးဝင်သည့် အချိန်ကာလအပိုင်းအခြားသည် အကန့်အသတ်ရှိသော အချိန်ကာလတစ်ခုအတွက်သာ ဖြစ်ပါသည်။ (အထက်ဖော်ပြပါ အပိုင် ၅.၈.၂ ကိုကြည့်ပါ။)

a. သတ်မှတ်ချိန်ပေါ်မူတည်ပြီး အများဆုံးရရှိနိုင်မည့်ကာလ

   i. အကျုံးဝင်သောဝန်ဆောင်မှုများအတွက် စံချိန်မီဆု။ လက်ရှိပေးသွင်းရန် လက်ကျန်ငွေနှင့် ဆိုင်းထားရသော ငွေတောင်းခံမှုများအပါအဝင် ရက်ပေါင်း ၃၆၅ အထိ

   ii. အာမခံ မထားရှိသောလူနာအတွက် ခန့်မှန်းခြေရရှိနိုင်သောဆု။ ရက်ပေါင်း ၃၀

   iii. ကျွမ်းကျင်သောသူနာပြုစောင့်ရှောက်မှု။ ရက်ပေါင်း ၃၀ အထိ

   iv. အကြမ်းခံသောဆေးဝါးကုသမှုကိရိယာများ။ ရက်ပေါင်း ၁၈၀ အထိ

b. ဆေးဝါးကုသမှုခံရန်သတ်မှတ်ထားသောအချိန်ကာလ/စောင့်ရှောက်မည့် အများဆုံးအခ အချိန်ကာလ။ ရက်ပေါင်း ၃၆၅ အထိ

c. အများဆိုင်ရာနှင့်တစ်ဦးချင်းကျန်းမာရေးဆိုင်ရာ အထောက်အပံ့အစီအစဉ်များအတွက် အကျ ကျုံးဝင်ရန်အလားအလာ ရှိသော လူနာများအတွက် အများဆုံး အချိန်ကာလ။ ရက်ပေါင်း ၃၀ အထိ

d. တစ်ကြိမ်တစ်ခါစာ ဆေးဝါးအထောက်အပံ့အတွက် အများဆုံးအချိန်ကာလ။ ရက်ပေါင်း ၃၀

e. အကယ်၍လူနာကလျှောက်ထားပြီး MFA အတွက် အတည်ပြုထားပါက Medicare ဖြစ်စေ၊ MediCal ဖြစ်စေ၊ အခြား အစိုးရဘက်မှ ပေးချေပေးသူတစ်ဦးဦးက ဆေးရုံဖြစ်စေ၊ ကျွမ်းကျင်ဝန်ဆောင်မှုများဖြစ်စေ ထိုနှစ်ရပ်လုံးအတွက် ပေးချေ မည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားသည့် ပမာဏထက်ပိုသော မည်သည့်ပမာဏကိုမဆို ငွေပြန်အမ်းမည်ဖြစ်သည်။

*Proprietary Information. Kaiser Permanente. All rights reserved.*

i. အတိုးကို အရပ်ဘက်လုပ်ထုံးလုပ်နည်းသတ်မှတ်ချက် အပိုင်း ၆၈၅.၀၁၀ တွင် သတ်မှတ်ထားသည့်နှုန်းထားအတိုင်း လူနာကို ဆေးရုံကလက်ခံလိုက်သည့်နေ့မှစတင်ပြီး ပေးရန်ရှိငွေကို သတ်မှတ်ပါသည်။ လက်ရှိအတိုးနှုန်း မှာ ၁၀% ဖြစ်ပါသည်။

**VIII. ပုံမှန်တောင်းခံလေ့ရှိသည့်ငွေပမာဏ (Amounts Generally Billed, AGB) တွက်ချက်ခြင်းအတွက်အခြေခံအချက်များ။**

AGB နှုန်းထားဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအတွက် အကြမ်းဖျင်းကုန်စရိတ်များကို မြှောက်ခြင်းဖြင့် ပြန်လည်သုံးသပ်ကြည့်သောစနစ်ကို သုံးသော ကြောင့် အရေးပေါ်ဖြစ်စေ၊ အခြားဆေးဝါးကုသမှုပိုင်းဆိုင်ရာ လိုအပ်သည့် စောင့်ရှောက်မှုတစ်စုံတစ်ရာအတွက် KFHP/H က AGB ကို ဆုံးဖြတ်ပါသည်။ AGB နှုန်းထားနှင့်တွက်ချက်မှုနှင့်သက်ဆိုင်သည့် အချက်အလက်ကို KFHP/H ဝက်ဆိုဒ် ဖြစ်သည့် www.kp.org/mfa/ncal တွင်ရရှိနိုင်ပါသည်။

*Proprietary Information. Kaiser Permanente. All rights reserved.*